# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ စနေနေ့။ Saturday, 21 October 2023 ၁၁၂၅၅


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ နှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ခင်းကျင်း ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေး စဉ်။

## ယနေ့ ဖတ်စရာ


(၈၄)ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီ အစည်းအဝေး ကျင်းပ — စာမျက်နှာ » ၅

နယ်ချဲ့မီဒီယာ၊ ဒီမိုကရေစီ၊ ရေနံနိုင်ငံရေး၊ အကြမ်းဖက်မှုဝေါဟာရရှင်းတမ်း — ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Online Trading အစီအစဉ်နှင့်စပ်လျဉ်း၍ AD လိုင်စင်ရဘဏ်များသို့ ရှင်းလင်းဆွေးနွေး — စာမျက်နှာ » ၈

ကြေးမုံ

# သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ထိခိုက်နိုင်ခြေများလျှော့ချ

ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ(၂၀၂၂)အရ ပျက်စီးဆုံးရှုံးမှုများသည့် သဘာဝဘေးကြီးများသည် ၂၀၁၅ ခုနှစ်အထိ တစ်နှစ်တွင် အကြိမ် ၄၀၀ ခန့် ဖြစ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်သို့ရောက်ရှိပါက တစ်နှစ်တွင် အကြိမ် ၅၆၀ ခန့်အထိ တိုးလာနိုင်ကြောင်း ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် သဘာဝဘေးကြီးများ တစ်နှစ်ထက်တစ်နှစ် တိုး၍ကျရောက်လာနိုင်ကြောင်းကို အဆိုပါအစီရင်ခံစာက အရေးပေါ်သတိပေး မီးမောင်းထိုးဖော်ပြလိုက်ခြင်းဖြစ်သည်။

ထိုသို့ဖြစ်ပေါ်လာနိုင်ရာ၌ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့်ဘေးများ ပိုမိုဖြစ်ပွားလာနိုင်သည်ကို အထူးသတိပေးထားသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အယ်လ်နီညိုဖြစ်စဉ်များ နှစ်စဉ်ပေါ်ပေါက်လာပြီး ရေနှင့်ဆက်နွယ်နေသည့် ဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားစေနိုင်သည်။ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းကဲ့သို့ မုန်တိုင်းကြီးများတိုက်ခတ်ခြင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များ ပေါ်ပေါက်လာခြင်းနှင့် ဆိုးရွားပြင်းထန်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် ပုံမှန်ထက်ပိုမိုသည့် ရေကြီးရေလျှံအန္တရာယ်များဖြစ်လာနိုင်သည်။

ကမ္ဘာတစ်ဝန်း သဘာဝဘေးဖြစ်ပွားမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဥရောပနိုင်ငံများ၌ ပြင်းထန်သည့် အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၁၆၀၀၀ ကျော် သေဆုံးခဲ့ပြီး ကမ္ဘာတစ်ဝန်း မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းစသည်တို့ကြောင့် လူပေါင်းထောင်ချီ၍ သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများခဲ့သည်။ ယခု ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တူရကီယဲနှင့် ဆီးရီးယားနယ်စပ်တွင် အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်ခဲ့သဖြင့် လူငါးသောင်းကျော် သေဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့သည်။ မကြာသေးမီက အာဖဂန်နစ္စတန်တွင် ငလျင်လှုပ်မှုကြောင့် လူပေါင်းထောင်ချီသေဆုံးခဲ့သည်။ အလားတူ တောင်တရုတ်ပင်လယ်တွင် မုန်တိုင်းဖြစ်ပေါ်မှုကြောင့် လူအမြောက်အမြားနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က အင်အားအလွန်ပြင်းထန်သော နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ပြီး လူသန်းနှင့်ချီ၍ မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရသည်။ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ဆယ်စုနှစ်ချီ၍ ပြန်လည်ကုစားခဲ့ရသည်။ အလားတူ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ သို့သော် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မှုကြောင့် ထိခိုက်ပျက်စီးမှုများသော်လည်း လူ့အသက်သေဆုံးမှုများ သိသာစွာ လျော့နည်းခဲ့သည်။

မိုခါမုန်တိုင်းအစပျိုးစဉ်က နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စောင့်ကြည့်လေ့လာလမ်းညွှန်မှုများပေးခဲ့ပြီး မုန်တိုင်းဝင်ရောက်သည့်အခါတွင်လည်း တုံ့ပြန်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အဆင့်လိုက်ဆောင်ရွက်နိုင်ခဲ့၍ နာဂစ်မုန်တိုင်းနှင့်နှိုင်းယှဉ်ပါက သေဆုံးမှုနှင့်ဆုံးရှုံးမှု အဆပေါင်းများစွာ လျှော့ချနိုင်ခဲ့သည်။ တုံ့ပြန်ကူညီရေးဆောင်ရွက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ အကူအညီမရသူမရှိစေရ မူဝါဒနှင့်အညီ တက်ညီလက်ညီ ဆောင်ရွက်မှုများကြောင့် အချိန်တိုကာလအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

သဘာဝဘေးအန္တရာယ်သည် သတ္တလောက၏ ဖြစ်ပျက်အရှိတရားဖြစ်သည်။ နိုင်ငံကြီးငယ်မရွေး၊ လူတန်းစားမရွေး၊ အယုတ်အလတ်မရွေး အားလုံးကြုံတွေ့နိုင်သော သဘောတရားဖြစ်သည်။ နိုင်ငံကြီးများတွင် သဘာဝဘေးကို ကြီးမားပြင်းထန်စွာကြုံတွေ့သော်လည်း ထိခိုက်သေဆုံးမှုကို အနည်းဆုံးသို့လျှော့ချနိုင်ပြီး ပြန်လည်ထူထောင်ရေးကို အမြန်ဆုံးဆောင်ရွက်နိုင်သည်မှာ ချမ်းသာကြွယ်ဝမှုနှင့် ကြိုတင်ပြင်ဆင် စနစ်တကျဆောင်ရွက်နိုင်သောကြောင့်ဖြစ်သည်။ ဖွံ့ဖြိုးမှုအားနည်းသည့်နိုင်ငံ၊ ဆင်းရဲမှုနှုန်းများသည့်နိုင်ငံ၊ ဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့်နိုင်ငံများတွင် အားနည်းသူပြည်သူများ ထိခိုက်ခံစားရမှု ပိုမိုများပြားသည်။ ဆင်းရဲမှုကြောင့် ဆင်းရဲတွင်းသို့ ပိုမိုကျရောက်နိုင်ခြေများခဲ့သည်။

သို့ဖြစ်ရာ အနာဂတ်တွင် သဘာဝဘေးနှင့်အတူယှဉ်တွဲ ရပ်တည်နေထိုင်ရမည့် အခြေအနေများပြောင်းလဲဖြစ်ပေါ်လာပြီး သဘာဝဘေးအန္တရာယ်ကို နိုင်ငံများအားလုံး ပိုမိုကြုံတွေ့လာကြရတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ချမ်းသာကြွယ်ဝသည့်နိုင်ငံမဟုတ်သော်လည်း ပြည်တွင်းအင်အားစွမ်းပကားများ၊ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုသူများ၏ ကြိုတင်ပြင်ဆင် စနစ်တကျမြော်မြင်ဆောင်ရွက်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ပြီး ထိခိုက်နိုင်ခြေများကို အနည်းဆုံးသို့ လျှော့ချနိုင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ထားပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနှင့် သာကေတမြို့နယ် စာရေးဆရာအသင်း




တို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ဦးဖေသက်ညွန့်(ဆွေဇင်ညွန့်) မိသားစု၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမြကျော် (မောင်မြကျော်)နှင့် လေအန်ကုန်းစာပေရပ်ဝန်းတို့က ငွေကျပ် တစ်သိန်းစီ၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ထွဏ်း (တင်တော်)နှင့်မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ဆရာပန်းမျိုးခင် (တောင်ဥက္ကလာပမြို့နယ်) နှင့် စာရေးဆရာမင်းမြတ်မိုး(မန်းမြေ) အောင်မြေသာစံမြို့နယ်တို့က အလှူငွေကျပ်နှစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၅၁ | ၄၄၃,၇၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁၈၃ | ၅၄၉,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂ | ၁၅,၈၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၀ | ၁၇,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၅၀ | ၃၅ | ၉၁,၇၅၀ |
| EFR | ၂,၁၀၀ | ၂,၁၀၀ | ၁,၈၄၁ | ၃,၇၈၇,၅၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၄ | ၆၈,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၃,၂၅၂ | ၅,၅၃၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောက်မျက်ရတနာပြပွဲများ ကျင်းပရောင်းချခဲ့မှု၊ မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

**❂ ရှေ့ဖုံးမှ**

တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျောက်မျက်ရတနာ ပြပွဲများ ကျင်းပ ရောင်းချခဲ့မှု၊ မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက် ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ ယခုရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပုလဲအတွဲနှင့် ကျောက်မျက်အတွဲတို့ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များ အနေဖြင့် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

- **❖ ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အုပ်စု(၃)စုခွဲခြားထားပြီး နိုင်ငံခြားငွေရရှိရန်အတွက် ကျောက်စိမ်းအတွဲအုပ်စု(အေ)နှင့်(ဘီ)ဖြင့် လည်းကောင်း၊ MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု(စီ)ဖြင့် လည်းကောင်း သတ်မှတ်ထား**
- **❖ ကျောက်စိမ်းအတွဲ ၅၀၀ ပါဝင်သည့် အုပ်စု(အေ)ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ပြည်ပရတနာကုန်သည်များသာမက ပြည်တွင်းရတနာကုန်သည်များပါ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေစသည့် နိုင်ငံခြားငွေဖြင့် ပေးချေဝယ်ယူရမည်**

»»» စာမျက်နှာ ၃ မှ

ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အုပ်စု(၃)စုခွဲခြားထားပြီး နိုင်ငံခြားငွေ ရရှိရန်အတွက် ကျောက်စိမ်းအတွဲအုပ်စု(အေ)နှင့် (ဘီ)ဖြင့်လည်းကောင်း၊ MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု(စီ)ဖြင့်လည်းကောင်း သတ်မှတ်ထားသည်။

**ပေးချေဝယ်ယူရမည်**

ကျောက်စိမ်းအတွဲ ၅၀၀ ပါဝင်သည့် အုပ်စု(အေ)ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ပြည်ပရတနာကုန်သည်များသာမက ပြည်တွင်းရတနာကုန်သည်များပါ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေစသည့် နိုင်ငံခြားငွေဖြင့် ပေးချေဝယ်ယူရမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲ ၁၇၃၃ တွဲပါဝင်သည့် အုပ်စု(ဘီ)ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ပြည်ပရတနာကုန်သည်များ အနေဖြင့် နိုင်ငံခြားငွေဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ကျပ်ငွေ(သို့မဟုတ်) နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

**ကျပ်ငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထား**

MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲပါဝင်သည့် အုပ်စု(စီ) ကိုကျပ်ငွေဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ပြည်တွင်းရတနာကုန်သည်များကသာ ကျပ်ငွေဖြင့် ပေးချေဝယ်ယူခွင့်ရှိကြောင်း သိရသည်။

ယခု ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာ အချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ **ကျောက်စိမ်းအတွဲ ၁၇၃၃ တွဲပါဝင်သည့် အုပ်စု(ဘီ)ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်**

☆ MSME **လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲပါဝင်သည့် အုပ်စု(စီ)ကို ကျပ်ငွေဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ပြည်တွင်းရတနာကုန်သည်များကသာ ကျပ်ငွေဖြင့် ပေးချေဝယ်ယူခွင့်ရှိ**





၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ခန်းမအတွင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ပုလဲအတွဲများကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရောင်းချပေးသွားမည်ဖြစ်၍ ကျောက်မျက်အတွဲများကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၃ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်ကာ ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့တွင် ကျင်းပသော တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသော တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ် (Third Belt and Road Forum for International Cooperation) သို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက် ညပိုင်းက မြန်မာနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(၁၀)နှစ်ပြည့် အထိမ်းအမှတ်**

တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို အရည်အသွေးမြင့် ပိုးလမ်းမ ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ဆောင်၍ စီမံကိန်းတွင်ပါဝင်သည့် နိုင်ငံများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အတူလက်တွဲ ပူးပေါင်း ဆောင်ရွက်ရန်နှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Third Belt and Road Initiative) စတင်ခဲ့သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အရည်အသွေးမြင့် ပိုးလမ်းမ ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ဆောင်၍ နိုင်ငံများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အတူလက်တွဲ ပူးပေါင်း ဆောင်ရွက်ကြပါစို့ (High-quality Belt and Road Cooperation: Together for Common Development and Prosperity) ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ယခုနှစ် Belt and Road ဖိုရမ်အား High-Level Forum on Digital Economy ၊ High Level Forum on Green Development နှင့် High Level Forum on Connectivity ဟူ၍ High-Level Forum သုံးခုနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲခြောက်ခုတို့ဖြင့် တစ်ပြိုင်တည်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် High-Level Forum on Digital Economy သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

**ပြည်သူ့ခန်းမဆောင်၌ကျင်းပ**

ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက China Great Hall ပြည်သူ့ခန်းမဆောင်၌ ကျင်းပပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် တက်ရောက်ဖွင့်လှစ်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် China National Convention Center (CNCC) ၌ ပြုလုပ်သည့် High-level Forum on Digital Economy သို့ တက်ရောက်ခဲ့သည်။

Digital Economy Forum တွင် ချီလီနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံနှင့် ဂရိနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်တို့က ၎င်းတို့ နိုင်ငံအသီးသီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသည့် အခြေအနေများ၊ BRI စီမံကိန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပြည်တွင်း ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို Leaders Statement များအဖြစ် ရှင်းလင်းပြောကြားကြသည်။

ယင်းဖိုရမ်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး က “The Opportunities of Digital Economy for shared benefits and mutual learning” ခေါင်းစဉ်ဖြင့် BRI မိတ်ဖက်နိုင်ငံ ၁၅ နိုင်ငံမှ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ဝန်ကြီးများနှင့်အတူ Speaker အဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် တို့သည် Thematic Session on People-to-people Bonds သို့လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် High-Level Forum on Green Development သို့လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် “Beijing Initiative on the Belt and Road International Digital Economy Cooperation” နှင့် “Initiative on International Trade and Economic Cooperation Framework for Digital Economy and Green Development” ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၁၇ ရက်က စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် တရုတ်နိုင်ငံ China Association of Science and Technology မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သက်မွေးသင်တန်းကျောင်းတွင် လျှပ်စစ်ကားများ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းများအတွက် သင်ကြားရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် သတ္တုဗေဒဆိုင်ရာနှင့် စက်မှုနည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်**

အောက်တိုဘာ ၁၇ ရက် ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် တတိယအကြိမ်ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယခုကျင်းပသည့် ဖိုရမ်တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် နိုင်ငံပေါင်း ၁၅၀ မှ ဝန်ကြီးများ၊ အဆင့်မြင့်အရာထမ်း ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၃၀ ကျော်တို့မှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူပညာရှင်များ အပါအဝင် စုစုပေါင်း ၄၀၀၀ ခန့် ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၈၄)ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

(၈၄)ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီ (84th Meeting of ASEAN Committee on Science, Technology and Innovation – COSTI-84) နှင့် ဆက်စပ်ဆပ်ကော်မတီများ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ Bohol မြို့ “Bellevue Resort” တွင်အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးကျော်နိုင်ဦးနှင့် COSTI နည်းပညာဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

COSTI 84 ဖွင့်ပွဲအခမ်းအနားတွင် အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ ပို့ဆောင်ရေးနှင့်သတင်းအချက်အလက်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Mohammad Nazri Mohammad Yusof က အဖွင့်အမှာစကားပြောကြားပြီး ဖိလစ်ပိုင်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Undersecretary Dr. Leah J. Buendia က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက် ASEAN Textile S &T Exposition ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ASEAN နိုင်ငံအလိုက် Textile နည်းပညာနှင့် ရိုးရာအဝတ်အစားများ ခင်းကျင်းပြသခဲ့သည်။

COSTI နည်းပညာဆပ်ကော်မတီအလိုက် ဆွေးနွေးချက်များကို COSTI ကော်မတီ အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ကြပြီး အာဆီယံနိုင်ငံများအကြား ASEAN Technology Hub ထူထောင်ခြင်း၊ Artificial Intelligence ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး Network on Bio-Circular and Green Economy ၊ ဒေသတွင်း သုတေသနအခြေခံအဆောက်အအုံဆိုင်ရာ မဟာဗျူဟာအကောင်အထည်ဖော်ရေးကိစ္စများ ဆွေးနွေးညှိနှိုင်းခဲ့ပြီး အာဆီယံနှင့် မိတ်ဖက်အဖွဲ့များဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ဥရောပသမဂ္ဂတို့နှင့် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ သုတေသနများ စာတမ်းရွေးချယ်အတည်ပြုခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများပူးတွဲကျင်းပရေးနှင့် အမျိုးသမီးသုတေသနပညာရှင်များ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ဆုချီးမြှင့်ပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

# နယ်ချဲ့မီဒီယာ၊ ဒီမိုကရေစီ၊ ရေနံနိုင်ငံရေး၊ အကြမ်းဖက်မှုဝေါဟာရရှင်းတမ်း

တက္ကသိုလ်မြတ်သူ

ယခင်ကာလက နိုင်ငံတကာအခြေအနေ(ကမ္ဘာ့အခြေအနေ)သည် ယခု(မျက်မှောက်ကာလ) အခြေအနေများနှင့် ထူးမခြားနားဟုဆိုရပေမည်။ ယခင်ကာလသည် အေးချမ်းတည်ငြိမ်စွာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး ကောင်းကျိုးညီညာစွာ ဆောင်ရွက်ကြိုးပမ်းနေကြသော ကမ္ဘာ့နိုင်ငံအများစုကို အရင်းရှင်စက်မှုနိုင်ငံများမှ လောဘလွန်၊ မောဟကျွံ၊ မာနတံခွန်ထူနေကြသည့် ကမ္ဘာ့လက်တစ်ဆုပ်စာမျှသာရှိသော နယ်ချဲ့သမားများက စွက်ဖက်ကျူးကျော် တိုက်ခိုက်သိမ်းပိုက်ချုပ်ကိုင်ကုပ်သွေးစုပ်ဒုက္ခပေးခဲ့ကြသည်။ ယနေ့ခေတ် ထိုနယ်ချဲ့နိုင်ငံတွင် နောင်တ၊ သံဝေဂ၊ အသိမှန်တွေရပြီး ဥပုသ်စောင့်ကုန်ကြပြီလား။ ကမ္ဘာ့သူ ကမ္ဘာ့သား (မြန်မာများအပါအဝင်) အားလုံးက နယ်ချဲ့အုပ်စု၏ လုပ်ဆောင်နေမှုအဝဝတွင် ကမ္ဘာ့အန္တရာယ် ပို၍ပင်ဆိုးလာပါသေးတယ်ဟု ပြောပြနေကြပေပြီ။

> မျက်မှောက်ကာလတွင် နယ်ချဲ့အုပ်စု၏ ကောက်ကျစ်ယုတ်မာသော နယ်ချဲ့လက်သစ်ဝါဒ (Neo-colonialism) ကို ဒီမိုကရေစီစကားလုံး၊ လူ့အခွင့်အရေးစကားလုံး တွင်တွင်သုံးကာ သတင်းမီဒီယာ လက်ဝါးကြီးအုပ်လုပ်ရပ်ဖြင့် တစ်ဖက်သတ် ဝါဒဖြန့်မှိုင်းတိုက်၊ ထင်ရာစိုင်းလာနေသည်ကို မွေးရာပါ အကောင်းပကတိ၊ မံသစက္ခုမျက်စိဖြင့် ကြည့်သောသူတိုင်း မြင်နေကြသည်။ ကိုယ်ပိုင်သောတနားဖြင့် နားထောင်သူတိုင်း ကြားနေကြ၏။ အမေက မွေးပေးသည်ဆိုဆို၊ သဘာဝအရ ပါလာသည်ဆိုဆို၊ ဘုရားသခင်က ဖန်ဆင်းသည်ဆိုဆို လူတိုင်းတွင် မွေးရာပါဖြစ်သော ကိုယ်ပိုင်ဦးနှောက်ကို အသုံးပြု၊ တွေးတောဆင်ခြင်၊ သုံးသပ်တတ်သူတိုင်း သိနေကြရမည်။ အသိတရားကိုယ်စီမြဲနေလျှင် ဘာကလွဲမှားသည်၊ ဘာကမှန်သည်ကို သိနိုင်ကြပါသည်။ မိမိတို့လူသားတိုင်း ပိုင်ဆိုင်ထားသော မြင်ခြင်း၊ ကြားခြင်း၊ သိခြင်းအခွင့်အရေးကို အသုံးမပြုလျှင် ကျားငစဉ်းလဲ၏ခံတွင်းထဲ ကိုယ်တိုင်သက်ဆင်းရမည့် အခြေအနေဖြစ်

မျက်မှောက်ကာလတွင် နယ်ချဲ့အုပ်စု၏ ကောက်ကျစ်ယုတ်မာသော နယ်ချဲ့လက်သစ်ဝါဒ (Neo-colonialism) ကို ဒီမိုကရေစီစကားလုံး၊ လူ့အခွင့်အရေးစကားလုံး တွင်တွင်သုံးကာ သတင်းမီဒီယာလက်ဝါးကြီးအုပ်လုပ်ရပ်ဖြင့် တစ်ဖက်သတ်ဝါဒဖြန့်မှိုင်းတိုက်၊ ထင်ရာစိုင်းလာနေသည်ကို မွေးရာပါ အကောင်းပကတိ၊ မံသစက္ခုမျက်စိဖြင့် ကြည့်သောသူတိုင်း မြင်နေကြသည်။ ကိုယ်ပိုင်သောတနားဖြင့် နားထောင်သူတိုင်း ကြားနေကြ၏။ အမေက မွေးပေးသည်ဆိုဆို၊ သဘာဝအရ ပါလာသည်ဆိုဆို၊ ဘုရားသခင်က ဖန်ဆင်းသည်ဆိုဆို လူတိုင်းတွင် မွေးရာပါဖြစ်သော ကိုယ်ပိုင်ဦးနှောက်ကို အသုံးပြု၊ တွေးတောဆင်ခြင်၊ သုံးသပ်တတ်သူတိုင်း သိနေကြရမည်။ အသိတရားကိုယ်စီမြဲနေလျှင် ဘာကလွဲမှားသည်၊ ဘာကမှန်သည်ကို သိနိုင်ကြပါသည်။ မိမိတို့လူသားတိုင်း ပိုင်ဆိုင်ထားသော မြင်ခြင်း၊ ကြားခြင်း၊ သိခြင်းအခွင့်အရေးကို အသုံးမပြုလျှင် ကျားငစဉ်းလဲ၏ ခံတွင်းထဲ ကိုယ်တိုင်သက်ဆင်းရမည့်အခြေအနေ ဖြစ်နေလေသည်။

**မုသားသတင်းဖြင့် လမ်းဖောက်**

မန္တလေးတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးကိုလေး သုတေသနပြု လေ့လာရေးသားခဲ့သည့် သီပေါမင်းနှင့် နယူးယောက်တိုင်းမ် သတင်းစာ စာအုပ်ကို ပုဂံစာအုပ်တိုက်က ထုတ်ဝေခဲ့သည်။ ဤစာရေးသူသည် ဆရာကြီးဦးကိုလေး၏ ထိုစာအုပ်ပါ အကြောင်းအရာ အချက်အလက်များကို ထုတ်နုတ်ခဲ့ပြီး လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ က နယ်ချဲ့ခေတ်ပြားဟောင်းခေါင်းစဉ်ဖြင့် နိုင်ငံပိုင်သတင်းစာတွင် နှစ်ကြိမ်မက၊ သုံးကြိမ်မျှ ရေးသားတင်ပြခဲ့ဖူးသည်။ လန်ဒန်ထုတ် ဒေလီနယူးစ်၊ လန်ဒန်ဆန်းဒေးတိုင်းမ် စသည့်သတင်းစာများနှင့် အမေရိကန်ထုတ် နယူးယောက်တိုင်းမ်သတင်းစာများတွင် ၁၈၇၉ ခုနှစ်နှင့် ၁၈၈၀ ပြည့်နှစ်၊ ၁၈၈၅ ခုနှစ်များအတွင်းက မမှန်မကန် နယ်ချဲ့ကျူးကျော်မှု လမ်းစဉ်ကို မုသားသတင်းဖြင့် လမ်းဖောက်ပေးခဲ့ကြသည်။

ရေးသမျှသတင်းတစ်ပုဒ်မှမမှန်၊ သီပေါမင်းကို ဘက်ပေါင်းစုံမှ မမှန်မကန် စွပ်စွဲအပုပ်ချလျက်၊ သည်ကနေ့သာ အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်လျှင် မြန်မာပြည်သူများက လိုလားထောက်ခံကြဖွယ်ရှိနေပြီဟူသော နယ်ချဲ့နှတ်ကြောင်းပေးသတင်းများ၊ "အလွန်တရာရိုင်းစိုင်းသော ဖူးလူးလူမျိုး (အာဖရိက)များနှင့် အာဖဂန်လူမျိုးလူရိုင်းများကို ယဉ်ကျေးလာအောင် တိုက်ခိုက်ဆုံးမရန် ဘုရားသခင်က ငါတို့အင်္ဂလိပ်များကို တာဝန်ပေးခဲ့သကဲ့သို့ ယနေ့ မြန်မာဘုရင်အရိုင်းအစိုင်းကို တိုက်ခိုက်ပြီး သွန်သင်ရန် ငါတို့အင်္ဂလိပ်များကို သဘာဝတရားကြီးက တာဝန်ပေးပြန်ပြီ"ဟူ၍ ကူလီကူမာများ ရေးခဲ့သည်။

**အထိရောက်ဆုံး လက်နက်ကိရိယာအဖြစ်သုံးခဲ့**

ယနေ့ခေတ် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီစသည့် နယ်ချဲ့ဝါရင့်နိုင်ငံများမှ စာနယ်ဇင်းသတင်းမီဒီယာများက မြန်မာအပါအဝင် ကမ္ဘာကို သတင်းလိမ်၊ သတင်းမှား၊ သတင်းဇောက်ထိုး၊ သတင်းပြောင်းပြန်များ အံ့လိုက်ကျင်းလိုက် လုပ်ကြံရေးသား လွှင့်ထုတ်ယုတ်မာနေကြသည်မှာ အဆန်းမဟုတ်ပေ။ လွန်ခဲ့သောနှစ်ပေါင်း ၁၄၄ နှစ် (၁၈၇၉ ခုနှစ်ကတည်းက) သတင်းမီဒီယာများကို နယ်ချဲ့လုပ်ငန်း၏ အထိရောက်ဆုံး လက်နက်ကိရိယာအဖြစ် သုံးခဲ့သည်ကို မေ့ထား၍မဖြစ်။ ကိုယ်ပိုင်မျက်စိ၊ နား၊ ဦးနှောက် အသုံးပြုနေသည့် မြန်မာတိုင်း သိနေကြသည်။ အနောက်နယ်ချဲ့အုပ်စု၏ "ကျီးကန်းတစ်အုပ်ပမာ" မီဒီယာများ၊ နယ်ချဲ့နောက်လိုက်မီဒီယာသမားများက မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်မေလက ပြည်သူ ၉၂ သန်းနီးပါးက ထောက်ခံမဲပေး၊ အတည်ပြုထားခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်ချဲ့နှင့်ပေါင်းပြီး မဲလိမ်၊ မဲခိုး ထောင်းလမောင်းထခဲ့သော ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမသမာမှုများ၊ ဆန္ဒမဲ ၁၀ သန်းကျော် ကလိမ်ကျခဲ့မှုများ၊ မဲမသမာမှုကို စွပ်စွဲမှုရှိလျှင် ဖြေရှင်းမှုရှိရမည့်အစား မဖြေမရှင်း (ဖြေရှင်းရန်ကလည်း ၎င်းမဲသူခိုးများဘက်တွင် အကြောင်းပြချက်လုံးဝမရှိ) ဘဲနေခဲ့သဖြင့် အခြေခံဥပဒေအရ ယာယီသမ္မတနှင့် ကာလုံအစည်းအဝေးက နိုင်ငံကို အရေးပေါ်အခြေအနေကြေညာရတော့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်အခြေအနေဆိုးဖြင့် နိုင်ငံတော်မပြိုမလဲ၊ ပြည်သူတို့အသက်အိုးအိမ်စည်းစိမ် မပြိုကွဲရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အရေးပေါ်အခြေအနေ လွန်မြောက်အောင်ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ စင်စစ်အခြေခံဥပဒေအရတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တာဝန်ပေးခြင်းသာဖြစ်သည်။ အာဏာထိန်းသည်ဟူသော အသုံးအနှုန်းကို အာဏာသိမ်းသည်ဟု ရောကြိတ်လာကြသော နယ်ချဲ့အုပ်စုနှင့် ပြည်တွင်းမှ ပုဆိန်ရိုးအုပ်စုတို့ အတိုင်အဖောက်ညီညီ ပြဿနာရှာကြသည်။ ပြဿနာဖန်ကြသည်။

**သူတောင်းစားဟန်အပြည့်ဖြင့် ဖန်နေကြ**

ယနေ့ CRPH၊ NUG၊ PDF စသည့် အကြမ်းဖက်ဥပဒေချိုးဖျက်၊ သူပုန်သူကန်(NLD)များက ပြည်ပြေးဘဝခံယူလျက် မြန်မာနိုင်ငံ ပြိုကွဲစေရန်၊ ကျဆုံးနိုင်ငံ(Fail State) ဖြစ်စေရန်၊ ထိုနိုင်ငံပျက်အခြေအနေကို လက်ညှိုးထိုးပြီး နယ်ချဲ့သမားလက်ရောင်းစားရန် သူတောင်းစားဟန်အပြည့်ဖြင့် သူတို့တစ်တွေ ကောင်းစားအောင် ဖန်နေကြသည်။ ယနေ့ ၎င်းတို့၏ အကြမ်းဖက်မှုများကြောင့် ရဟန်းသံဃာ၊ သာမဏေ၊ သီလရှင်၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ သက်ကြီးဘိုးဘွား၊ ဆရာဝန်များ၊ ကျောင်းဆရာဆရာမများ၊ ကျောင်းသားများ သေကြရသည်မှာ ၇၀၀၀ ခန့်ရှိနေသည်။ မြန်မာနိုင်ငံအတွင်းမှာပင် ယနေ့တိုင် မျက်နှာပြောင်တိုက် အခြေစိုက်ပြီး NUG၊ PDF တို့၏ အကြမ်းဖက်မှုကြောင့် ပြည်သူများ ၇၀၀၀ ခန့် သေရသည်ကို နယ်ချဲ့သံရုံးများက ဖုံးကွယ်ကာ သတင်းမှားများ လွှင့်ထုတ်နေကြသည်။

ပြည်သူတို့ အိုးအိမ်၊ လမ်းတံတား၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ မီးရှို့ခံရပြီး လမ်းတံတားများ ဖောက်ခွဲဖျက်ဆီးခံနေရသည်ကို အနီးကပ်မြင်နေပါလျက် ပြောင်လိမ်ပြောင်စား၊ လူသတ်တရားခံ PDF များနေရာတွင် တပ်မတော်ကို အစားထိုးသွင်း ဝါဒဖြန့်နေကြပေသည်။ နယ်ချဲ့သမားတို့၏ ဒေါ်လာအဆိပ်၊ မီဒီယာအဆိပ်မိနေသူများ မည်သို့လိမ်လိမ် တိုင်းရင်းသားစုံမြန်မာတို့ကမူ အယုံမရှိ၊ ကိုယ်တွေ့ဖြစ်၍ သိနေကြပေသည်။

> ပြည်သူတို့ အိုးအိမ်၊ လမ်းတံတား၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ မီးရှို့ခံရပြီး လမ်းတံတားများ ဖောက်ခွဲဖျက်ဆီးခံနေရသည်ကို အနီးကပ်မြင်နေပါလျက် ပြောင်လိမ်ပြောင်စား၊ လူသတ်တရားခံ PDF များနေရာတွင် တပ်မတော်ကို အစားထိုးသွင်း ဝါဒဖြန့်နေကြပေသည်။ နယ်ချဲ့သမားတို့၏ ဒေါ်လာအဆိပ်၊ မီဒီယာအဆိပ်မိနေသူများ မည်သို့လိမ်လိမ် တိုင်းရင်းသားစုံမြန်မာတို့ကမူ အယုံမရှိ၊ ကိုယ်တွေ့ဖြစ်၍ သိနေကြ

ဒီမို DEMO ဆိုသောစာလုံးမှာ မူလဂရိဘာသာဖြစ်ကြောင်း၊ အဓိပ္ပာယ်မှာ DEMO ပြည်သူဟူ၍ဖြစ်ကြောင်း၊ ဒီမိုကရေစီသမိုင်းကြောင်း ရှေးဟောင်းအေသင်မြို့ပြနိုင်ငံခေတ် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က ပြည်သူများကိုယ်တိုင် ပါဝင်တက်ရောက်ကာ နိုင်ငံအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့သည်တို့ကို စာရေးသူ အကြိမ်ကြိမ်ရေးခဲ့ဖူးသည်။ ဟောခဲ့၊ ပြောခဲ့ဖူးပါသည်။ အင်္ဂလန်၊ ဗြိတိန်ခေါ်ယူကေတွင် အရင်းရှင်များက ဘုရင့်ထံမှ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာများ လက်နက်ကိုင် ပုန်ကန်တိုက်ခိုက် လုယက်ယူငင်ခဲ့ကြပြီးနောက် စက်မှုအရင်းရှင်တို့ ပေါချောင်ကောင်းနှုန်းဖြင့် ချမ်းသာရန် နယ်ချဲ့ခဲ့ကြကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံး၏ ၇၇ ရာခိုင်နှုန်းကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုပြီး ထိုကျွန်ပြုခံနိုင်ငံများ၏ အချုပ်အခြာအာဏာကို ဖျက်ဆီး၍ နိုင်ငံများမှ စက်မှုကုန်ကြမ်း၊ ဓာတ်သတ္တုမျိုးစုံ၊ လောင်စာစွမ်းအင်မျိုးစုံသာမက နန်းစဉ်ပတ္တမြား၊ ရွှေငွေစိန်ကျောက်ရတနာမှန်သမျှ ပင်လယ်ဓားပြသဖွယ်လုယက်၍ တစ်မျိုး၊ ခိုးယူ၍တစ်သွယ် လက်ကုန်နှိုက်ယူသွားကြသော အဆိုပါနယ်ချဲ့များက သူတို့သည် ပါလီမန်ဒီမိုကရေစီဝါဒီများ၊ ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီဆိတ်သုဉ်းနေ၍ ဒီမိုကရေစီဇာတ်သွင်းပေးရဦးမည်ဟု ဆိုလာပြန်သည်။

ယနေ့ခေတ်သစ်နယ်ချဲ့လက်သစ်များက ဒီမိုကရေစီ လူ့အခွင့်အရေးဟူသော စကားလုံးနှစ်လုံးကို ရေလဲနှင့်သုံးကာ ကမ္ဘာတစ်ခွင် သွေးပင်လယ်ဝေ၊ မျက်ရည်သမုဒ္ဒရာဝေရန် ကျူးကျော်စစ်၊ စွက်ဖက်စစ်၊ ကြားခံစစ်၊ ပြည်တွင်းစစ်၊ ဒေသစစ်စသည့် စစ်ပွဲမျိုးစုံ ဖန်တီးနေကြပုံကို မြန်မာစစ်စစ်များက သိကြသကဲ့သို့ ပုံမှန်အမျိုးသားရေးစိတ်ဓာတ်ရှိသည့် ကမ္ဘာ့ပြည်သူများကလည်း သိနေကြပေသည်။

စာမျက်နှာ ၇ သို့

✪ စာမျက်နှာ ၆ မှ

နယ်ချဲ့ပါးစပ်ပေါက်များက ထွက်လာနေသော ဒီမိုကရေစီဆိုသည့် စကားလုံးနှင့်ပတ်သက်၍၊ လူ့အခွင့်အရေး၊ အကြမ်းဖက်တိုက်ဖျက်ရေးစသည်တို့နှင့်ပတ်သက်၍ စာရေးသူက ရေးသားလျှင် မထင်မရှား ပါမွှားတစ်ယောက်က ပြောခြင်း၊ ရေးခြင်းဟု ငြင်းလိုက်လျှင် အချည်းနှီးဖြစ်ပေတော့မည်။ ငါးကြင်းဆီနှင့် ငါးကြင်းကို ကြော်သကဲ့သို့၊ သူ့အရိုးနှင့် သူ့ကိုထိုးသကဲ့သို့ နယ်ချဲ့လုပ်ပေါက်၊ ပြောပေါက်၊ ဆိုပေါက်များကို ထိုနယ်ချဲ့နိုင်ငံများမှ တစ်သန်းတစ်ယောက်ပင်မရှိသော၊ ရှားရှားပါးပါး မှန်ရာပြောဆိုရေးသားသောသူအချို့၏ အရေးများကိုထုတ်နုတ်တင်ပြပါမည်။

### ကြံဖန်ဂုဏ်လုပ်၊ လေပုပ်ထုတ်ခဲ့ကြ

ဂရိမြို့ပြနိုင်ငံ(အေသင်)၊ ရောမမြို့ပြနိုင်ငံ(ရောမ)၊ စပါတာမြို့ပြနိုင်ငံတို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က တိုက်ရိုက်ဒီမိုကရက်တစ် Demo Kratos ကို ဘုရင့်ထံမှ အုပ်ချုပ်ရေးအာဏာကို ပုန်ကန်လုယက်ရရှိခဲ့သည့် ဗြိတိသျှ(အင်္ဂလိပ်) အရင်းရှင်များ ဥရောပမှ ပြင်သစ်အမှူးပြုသော အရင်းရှင်များက သူတို့သည် ရွေးကောက်ပွဲတွင် ပြည်သူပေးသော မဲအများစုဖြင့် တက်လာသော အစိုးရများဖြစ်၍ (ဒီမိုကရေစီနည်းကျ ပြည်သူက ရွေးကောက်၍) ဒီမိုကရေစီအစိုးရဟု ကြံဖန်ဂုဏ်လုပ်၊ လေပုပ်ထုတ်ခဲ့ကြသည်။ လက်တွေ့၌ ထိုအရင်းရှင်နယ်ချဲ့များသည် ကမ္ဘာ့နိုင်ငံ တစ်ရာကျော်ကို ကျွန်ပြုခဲ့၊ နယ်ချဲ့ခဲ့၊ သယံဇာတ ဓနဥစ္စာများ လုယက်ခိုးယူခဲ့ကြသည်။ အဆိုပါ(လူဖြူ) နယ်ချဲ့များ အထူးသဖြင့် နယ်ချဲ့ကာလသားခေါင်းကြီး အမေရိကန်တို့က လူထုကမဲပေးရွေးကောက်သော အစိုးရသာလျှင် ဒီမိုကရေစီအစိုးရဖြစ်သည်ဟု (မြန်မာနိုင်ငံမှ န၀တ၊ နယက မလွှဲသာ၍ နိုင်ငံ့တာဝန်ယူရသော တပ်မတော်အစိုးရကို အပုပ်ချခဲ့သည်။ သူတို့ ကြည်ဖြူအလိုရှိသော အခြားနိုင်ငံများတွင် စစ်အာဏာသိမ်းပွဲ တစ်ဒါဇင်မက နှစ်ဒါဇင်ရှိပါစေ ဒီမိုကရေစီနိုင်ငံ)ဟု ဆိုကြပြန်သည်။ ယနေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေအရ နိုင်ငံတော်အပြိုအလဲ၊ မကွဲမပျက်ရအောင် တာဝန်ဝင်ယူ၊ နိုင်ငံတော်အာဏာကို ယာယီဝင်ထိန်းရာမှ "စစ်အာဏာသိမ်း၊ စစ်အာဏာရှင်"ဟု သမုတ်သည်။ နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် အခြေအနေတည်ငြိမ်ပြီး ဥပဒေစိုးမိုးမှုပြည့်ဝစွာ ရရှိအောင်ကြိုးစားပြီး လွတ်လပ်သန့်ရှင်းမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး လုပ်ပေးမည်ဟု ကမ္ဘာသိကြေညာလိုက်ပါမှ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်နှင့် နယ်ချဲ့လက်ဟောင်းအုပ်စု (EU)တို့က ထိုရွေးကောက်ပွဲကို ဆန့်ကျင်ကြသည်။ ရွေးကောက်ပွဲမလုပ်နဲ့၊ လုပ်လျှင် ဖျက်မည်ဟု ၎င်းတို့၏ ကြေးစားပြည်တွင်းအကြမ်းဖက်သမားများမှတစ်ဆင့် ဆန့်ကျင်ကန့်ကွက်နေကြပြန်သည်။ တော်တော်တရားကျဖို့ကောင်းနေပေပြီ။

ကိုယ်တိုင်ဒီမိုကရေစီကိုမယုံ ကိုယ်တိုင်မကျင့်ကြံသော နယ်ချဲ့သွေးထိုး "ဒီမိုကရေစီ" စကားလုံးကို "ဥုံ" ခံမန်းမှုတ် ကမ္ဘာပတ်ရှုပ်နေသော်လည်း အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရေစီအပေါ် အမေရိကန်လူမျိုး ရှားရှားပါးပါး လေ့လာကျွမ်းကျင်သူ နယူးယောက်တက္ကသိုလ် မြို့ပြရေးရာ ပါမောက္ခ၊ ပတ်ဘလစ်အင်ထရက်(စ်)စာစောင်၊ Public Interest တွဲဖက်အယ်ဒီတာ၊ ဝေါလ်စထရိဂျာနယ် ဆောင်းပါးရှင်၊ ကျမ်းပြုစာရေးဆရာပညာရှင်တစ်ဦး ဖြစ်သည့် အာဗင်ခရစ္စတိုလ်(Irving Kristol)ရေးသားသည့် အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရက်တစ် (On The Democratic Ideal in America) စာအုပ်မှ ကောက်နုတ်ချက်များ တင်ပြပါရစေ။

ထိုစာအုပ်ကို ရန်ကုန်ရှိ အမေရိကန်သံရုံး ပြန်ကြားရေးဌာန (၅၈၁) ကုန်သည်လမ်း ရန်ကုန်မြို့မှ သံရုံးအရာရှိကြီး အာနိုးလ်စီဟန်ဆင်က မြန်မာဘာသာသို့ သမာဓိသတင်းစာတိုက်မှ ဘီဘီစီ ဦးမောင်မောင်ကို မြန်မာဘာသာပြန်ဆိုစေကာ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလက အမှတ်(၁၇) မလွကုန်းလမ်း ကျောက်မြောင်းရှိ သင့်ဘဝပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး အခမဲ့ဝေငှဖြန့်ဖြူးခဲ့သည်။ ထိုစဉ်က ဤစာရေးသူသည် ကြေးမုံသတင်းစာတိုက်တွင် ဒုတိယအယ်ဒီတာချုပ်တာဝန် ထမ်းဆောင်နေစဉ် ထိုစာအုပ်ကို လက်ဆောင်အဖြစ် သံမှူးကြီး အာနိုးလ်စီဟန်ဆင်ထံမှ ရရှိခဲ့ပါသည်။ ထိုစာအုပ်မှ ကောက်နုတ်ချက်အချို့ကို အောက်တွင်ဖတ်ရှုကြပါရန်။

"ကျွန်တော်တို့သည် ပြည်ထောင်စုအမေရိကန်အား ပြုစုပျိုးထောင်ခဲ့သော ပုဂ္ဂိုလ်ကြီးများ ထိတ်လန့်တကြားဖြစ်သွားအောင် တစ်နေ့တခြား ပြုမူလျက်ရှိသည်ဟု ဆိုချင်သည်။ ရှင်းရှင်းပြောရလျှင် အမေရိကန်လူမျိုးများ စည်းမဲ့ကမ်းမဲ့ လူအုပ်ကြီးများကဲ့သို့ တစ်နေ့တခြားပြုမူလျက်ရှိကြ၏။ ထိုသို့သော လူအုပ်ကြီးသည် တစ်ဦးဦးက ရှေ့ဆောင်ကာ ညာသံပေးပြီး လှုံ့ဆော်ပေးလျှင် ထိုသူ၏ နောက်သို့ မဆင်မခြင်လိုက်တတ်ကြ၏။ ဆူပူသောင်းကျန်း၊ အုတ်အုတ်ကျက်ကျက် လုပ်တတ်ကြ၏။ အပြုလုပ်ငန်းထက် အဖျက်လုပ်ငန်းကို အားသန်ကြ၏။ ဤသို့သော လူအုပ်ကြီးများသည် ဆယ့်ရှစ်ရာစု ကုန်ခါနီးတွင် စက်မှုလုပ်ငန်းများပေါ်ထွန်းလာရာ မြို့သစ်များ၌ စတင်ပေါ်ပေါက်ခဲ့သည်။" (စာမျက်နှာ -၁၃)

"လူများသည် ယုတ္တိတန်မတန် ဖြစ်နိုင်မဖြစ်နိုင်၊ အကြောင်းအကျိုးဆီလျော် မဆီလျော် မစဉ်းစားဘဲ ရသင့်ရထိုက်သည်ဟု ခေါင်းမာစွာနှင့် မျှော်လင့်တောင့်တနေပါက ၎င်းမျှော်လင့်ချက်များကို အကောင်အထည်ဖော်ပေးနိုင်မည်မဟုတ်၍ ယင်းမဖြစ်နိုင်တာတွေကို တောင်းဆိုရန် ဆူပူအုံကြွမှုများအား နှိပ်ကွပ်ရေးအတွက် မလွှဲမရှောင်သာသဖြင့် ပြုလုပ်ဖို့လိုလာတော့သည်။ တစ်နိုင်ငံပြီးတစ်နိုင်ငံ ယင်းသို့ နှိပ်ကွပ်ခြင်းကိုသာ အားကိုးလျက်ရှိသည်" (စာမျက်နှာ -၂၈)

"လူငယ်များသည် သူတို့လောကထဲတွင် သူတို့ဘာသာ တသီးတခြားနေနေကြသည်မဟုတ်သေး။ သူတို့သည် လူကြီးများ၏ လောကကို ဆန့်ကျင်သူ လောကကြီးထဲတွင် နေထိုင်လျက်ရှိကြကာ ထိုသို့နေထိုင်သော လူငယ်များ၏ လူဦးရေသည် တစ်နေ့တခြား များပြားလာလေသည်။ တက္ကသိုလ်နယ်မြေများပေါ်၌ ဆူပူလှုပ်ရှားမှုတို့သည် ယင်းလောကကြီးနှစ်ခု ပဋိပက္ခဖြစ်နေခြင်း၏ အထင်ရှားဆုံး လက္ခဏာပင် ဖြစ်တော့သည်။"(စာမျက်နှာ- ၁၉)

"ပြည်သူ့လွတ်လပ်ခွင့်များကို အကြွင်းမဲ့ပေးရမည်ဟု ကျွန်တော်တို့ လူကြားကောင်းအောင် ကြွေးကြော်နေကြလင့်ကစား တစ်နေရာမှာတော့ စည်းကမ်းသတ်မှတ်ရမည်ကို စိတ်ထဲက နားလည်နေပေသည်။" (စာမျက်နှာ - ၃၇)

"စိစစ်ခြင်းဟူသောစကားကို ကြားရလျှင် လူများသည် ကျောချမ်းသွားကြသည်။ သို့သော် ထိုစကားကိုပင် ကျွန်တော်ထပ်လောင်း၍ မြွက်ဟလိုသည်။ အကယ်၍ ညစ်ညမ်းသော စာပေ၊ ရုပ်ရှင်စသည်တို့သည် ကြီးလေးသည့် ပြဿနာတစ်ရပ်ဖြစ်သည်ဟုထင်လျှင် စိစစ်ခြင်းကို ထောက်ခံကြရပေသည်။" (စာမျက်နှာ - ၄၅)

"ရှင်းရှင်းပြောရလျှင် ကျွန်တော်တို့ အမေရိကန်ဒီမိုကရေစီစနစ်အောက်တွင်ရှိသည့် ဘဝ၏ အရည်အသွေးကို မညစ်ညမ်းသွားစေချင်လျှင် စိစစ်ခြင်းကို ထောက်ခံကြရပေလိမ့်မည်။ ဆေးလိပ်သောက်ခြင်းကို ရာဇဝတ်မှုကျူးလွန်ခြင်းတစ်ခုအဖြစ် ကျွန်တော်တို့ မပြဋ္ဌာန်းထားပေ။ သို့သော် ရုပ်မြင်သံကြားတွင် စီးကရက်ကြော်ငြာခြင်းကို ပိတ်ပင်ထားသည်။" (စာမျက်နှာ - ၄၆)

"အမေရိကန်ယဉ်ကျေးမှုဈေးကွက်တွင် ယခုအခါ ညစ်ညမ်းသောစာအုပ်များ၊ ညစ်ညမ်းသော ရုပ်ရှင်များနှင့် ညစ်ညမ်းသောဇာတ်ပွဲများက ကြီးစိုးနေပေသည်။ စာပေ၊ ရုပ်ရှင်၊ ဇာတ်သဘင် အစရှိသည်တို့အား စိစစ်မှု ကျွန်တော်တို့လုပ်ကြလျှင် ဤသည်တို့နှင့်ပင်မပြီးဘဲ နိုင်ငံရေးထင်မြင်ယူဆချက်တွေကိုလည်း စိစစ်ခြင်းမပြုလာပေဘူးလားဟူသည့် အချက်ဖြစ်သည်။" (စာမျက်နှာ-၄၉)

"သို့သော် လူအုပ်ကြီးများ၏ ရုန်းရင်းဆန်ခတ်မှုများ၊ အာဏာဖီဆန်မှုများစသည်တို့ကို စဉ်းစားမိတိုင်း ကျွန်တော်စိတ်သက်သာမှုမရပေ။ လူများစု၏ အုပ်ချုပ်မှုကို လူများစု၏ နှိပ်စက်ကလူပြုမှုဖြင့် မရောမိအောင် သတိထားရပေမည်။ သို့မဟုတ်က ဒီမိုကရေစီ၏သဘောတရားကို ယုတ်ညံ့သွားအောင် ပြုလုပ်ရာရောက်ပေလိမ့်မည်။" (စာမျက်နှာ - ၆၄)

"အခါခပ်သိမ်း မကျေမနပ်ဖြစ်နေခြင်းသည် အကြောင်းအရာများကို ၎င်းတို့ ပကတိဖြစ်နေသည့် ဖြစ်ရပ်မှန်များအတိုင်း မမြင်နိုင်အောင်ဖြစ်ကြလေသည်။ ဖြစ်ရပ်မှန်အတိုင်း မမြင်လျှင်၊ ဖြစ်ရပ်မှန်အတိုင်း သုံးသပ်ဝေဖန်ကာ တိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်လိမ့်မည်မဟုတ်ပေ။" (စာမျက်နှာ-၁၅၇)

> "လက်တွေ့၌ ထိုအရင်းရှင်နယ်ချဲ့များသည် ကမ္ဘာ့နိုင်ငံတစ်ရာကျော်ကို ကျွန်ပြုခဲ့၊ နယ်ချဲ့ခဲ့၊ သယံဇာတ ဓနဥစ္စာများ လုယက်ခိုးယူခဲ့ကြသည်။ အဆိုပါ(လူဖြူ) နယ်ချဲ့များ အထူးသဖြင့် နယ်ချဲ့ကာလသားခေါင်းကြီး အမေရိကန်တို့က လူထုကမဲပေးရွေးကောက်သော အစိုးရသာလျှင် ဒီမိုကရေစီအစိုးရဖြစ်သည်ဟု(မြန်မာနိုင်ငံမှ န၀တ၊ နယက မလွှဲသာ၍ နိုင်ငံ့တာဝန်ယူရသော တပ်မတော်အစိုးရကို အပုပ်ချခဲ့သည်။ သူတို့ကြည်ဖြူအလိုရှိသော အခြားနိုင်ငံများတွင် စစ်အာဏာသိမ်းပွဲ တစ်ဒါဇင်မက နှစ်ဒါဇင်ရှိပါစေ ဒီမိုကရေစီနိုင်ငံ)ဟု ဆိုကြပြန်သည်။ ယနေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေအရ နိုင်ငံတော်အပြိုအလဲ၊ မကွဲမပျက်ရအောင် တာဝန်ဝင်ယူ၊ နိုင်ငံတော်အာဏာကို ယာယီဝင်ထိန်းရာမှ "စစ်အာဏာသိမ်း၊ စစ်အာဏာရှင်" ဟု သမုတ်"

အထက်ပါစာအုပ်တွင် ရေးသားသကဲ့သို့ အမေရိကန်နိုင်ငံ၊ အမေရိကန်အစိုးရ၊ အမေရိကန်၏ တရားလွန်တရားမင်း ထင်ရာစိုင်း ကိုယ်ကျိုးရှာသော လုပ်ရပ်များကို အမှန်အတိုင်း ရှုမြင်ထောက်ပြရေးသားပြောဆိုကြသူအချို့ (အလွန်နည်းပါးစွာ) ရှိနေပေသည်။ မန္တလေးတက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း)ဆရာကြီး ဦးကိုလေးသည် ကျွန်တော်နှင့် ရန်ကုန်တွင် မကြာခဏတွေ့ဆုံသောအခါတိုင်း ဟောပြောညွှန်ပြသွန်သင်လေ့ရှိသည်။ ဆရာကြီးသည် မျိုးချစ်စိတ်ဖြင့် မဟုတ်မခံ၊ မှန်ရာကို မခြွင်းမချန် ရေးသားဝေဖန်လေ့ရှိသည်။ ဆရာကြီးရေးသားသော စက္ကူဖြူပြဇာတ်ကို အင်္ဂလိပ်နယ်ချဲ့တို့ မျက်မှောင်ကြုတ်ကြည့်ခဲ့ကြသည်။ ဆရာကြီး ရေးသားထုတ်ဝေသော "သီပေါမင်းနှင့် နယူးယောက်တိုင်းမ်သတင်းစာ" စာအုပ်သည် ကျွန်တော်တို့မသိခဲ့မမီခဲ့သော ရတနာပုံခေတ် အင်္ဂလိပ်သတင်းစာ၊ အမေရိကန်သတင်းစာများ နယ်ချဲ့လမ်းခင်းသတင်းများဖြင့် မြန်မာကို ဒုက္ခပေးခဲ့ပုံသိလာရ၏။

အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်) အမတ် ဂျွန်မက္ကိန်း ရန်ကုန်သို့ လာရောက်ပြီး ဒေါ်စုကြည်၊ ဦးခွန်ထွန်းဦး(ရှမ်းNLD)တို့နှင့် တိုးတိုးတိတ်တိတ် ကြိတ်ပုန်းဆွေးနွေးအပြီး အမျိုးသားညီလာခံသို့ တက်ရောက်နေသော ငြိမ်းချမ်းရေးအဖွဲ့များမှ ဦးစခုန်တိန့်ယိမ်း၊ ဦးမထုနော်၊ ဦးအောင်ခမ်းထီ၊ NLD မှ ဒေါ်စုကြည်၊ ဦးတင်ဦး၊ ဦးလွင်၊ ဦးအောင်ရွှေ၊ ရှမ်း NLD မှ ဦးခွန်ထွန်းဦး၊ ပြင်ပမှ အသိပညာရှင်၊ အတတ်ပညာရှင် ဆရာကြီးဦးကိုလေးနှင့် ဤစာရေးသူတို့ ပြည်လမ်းရှိ အမေရိကန်သံမှူးကြီးနေအိမ်၌ ဆုံတွေ့ကြစဉ် အမျိုးသားညီလာခံကိုယ်စားလှယ် တိုင်းရင်းသားခေါင်းဆောင်များက အမျိုးသားညီလာခံတွင် မိမိတို့ဆွေးနွေးလိုသမျှ ဆွေးနွေးနိုင်သည်။ ညီလာခံပြီး၍ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပြီးလျှင် မြန်မာပြည်ထောင်စုတွင် ဒီမိုကရေစီတည်ဆောက်မှုများ လုပ်နိုင်တော့မည်မှာ သေချာ၍ မိမိတို့ညီလာခံပြီးသည်အထိ ဆက်တက်ကြမည်ဟုပြောသည်။ ဒေါ်စုကြည်နှင့် ဦးခွန်ထွန်းဦးတို့က ထိုအများရှေ့တွင် တစ်ခွန်းမှမပြော၊ ဒေါ်စုက ဂျွန်မက္ကိန်းနှင့် တစ်နာရီကျော်ကြာတွေ့ပြီး ပြောလိုသမျှ နှစ်ကိုယ်ကြားပြောထားပြီး ဦးခွန်ထွန်းဦးက ၎င်းတို့ဆန္ဒနှင့်သဘောထား စာရေးသားပေးထားပြီးဖြစ်သည်။ တစည မှ ဦးခင်မောင်ကြီးက "မစ္စတာမက္ကိန်း ခင်ဗျားသိထားဖို့က ဒီကနေ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစကားပြောပြီး ဒီမိုကရေစီရအောင်၊ ဒီမိုကရေစီနိုင်ငံဖြစ်အောင် ပါတီတစ်ခု ---(NLD) ကသာ လုပ်နေသည်မဟုတ်၊ မိမိတို့ တစည ပါတီနှင့် အခြားပါတီများကလည်း စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်အောင် ကြိုးစားအားထုတ်တည်ဆောက်နေကြသည်ကို မစ္စတာမက္ကိန်း သိထားပါ"ဟု ပြောသည်။ ဆရာကြီး ဦးကိုလေးက "မစ္စတာမက္ကိန်းရေ ကျွန်တော်ဟာ အခုအသက် ၈၀ ရှိပါပြီ။ ကျွန်တော့်တစ်သက် ဒီကနေ့ ဒီအချိန်အခါလောက် မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းတာ၊ တည်ငြိမ်တာ၊ ဖွံ့ဖြိုးတိုးတက်လာတာ မတွေ့ဖူး မမြင်ဖူးခဲ့ပါဘူး၊ ဒီအခြေအနေကောင်းကို အမေရိကန်က ကူညီပါ၊ မကူညီရင်တောင် မနှောင့်ယှက်ပါနဲ့"ဟု တင်ပြသည်။

ဆရာကြီးဦးကိုလေးသည် အသက်(၈၀)တွင်လည်း မနား၊ ရန်ကုန်ရှိ သံဃာ့တက္ကသိုလ်တွင် အင်္ဂလိပ်စာဧည့်ပါမောက္ခအဖြစ် ကုသိုလ်ယူဆောင်ရွက်ရင်း ပိဋကတ်သုံးပုံကို အင်္ဂလိပ်ဘာသာပြန်ဆိုသောလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်နေခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဆောင်းပါးများ ဆက်တိုက်ရေးပြီး ကလောင်နာမည် မောင်သစ္စာဖြင့် ထေရဝါဒဗုဒ္ဓသာသနာစာအုပ် ထုတ်ဝေခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၃)သို့ ဘာသာရပ်ဆိုင်ရာသင်ခန်းစာပို့ချ၊ အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ(မန္တလေး)ကို ကြည့်ရှုစစ်ဆေး



**မန္တလေး အောက်တိုဘာ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ရတနာပုံခန်းမ၌ တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၃)မှ သင်တန်းသားများအား နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ဘာသာရပ် သင်ခန်းစာကို ဆွေးနွေးပို့ချရာ ပါမောက္ခချုပ်ဦးကျော်စိုး၊ ဒုတိယ ပါမောက္ခချုပ်များ၊ သင်ကြားရေး ဌာနမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ဟောပြောပို့ချ**

ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးပို့ချရာတွင် နိုင်ငံတော်၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ထွန်းတိုးတက်မှု အခြေအနေများ၊ တိုင်းပြည် သာယာဝပြောရေးနှင့်စားရေရိက္ခာ ဖူလုံရေးတို့အတွက် အစိုးရ၏ အားထုတ်ကြိုးပမ်း ဆောင်ရွက် နေမှု အခြေအနေများ၊ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးတည်ထား ကိုးကွယ်မှု အခြေအနေများ၊ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပခဲ့ပုံများ၊ နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် ပြပွဲ/ပြိုင်ပွဲ၊ ပွဲတော်များ ကျင်းပပြုလုပ် ဆောင်ရွက်ခဲ့မှုများ၊ ဆိုင်ကလုန်း မုန်တိုင်းမိုခါ တိုက်ခတ်ပြီးနောက် နိုင်ငံတော်အဆင့် ဦးဆောင်ပြီး ပြန်လည်ထူထောင်နိုင်ခဲ့မှု အခြေအနေများ၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပဆောင်ရွက် ခဲ့မှုများ၊ သတင်းတု/သတင်းမှား တုံ့ပြန်ရေးအတွက် ပြန်ကြားရေး ဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု များ၊ ပြည်တွင်း၊ ပြည်ပ သတင်း မီဒီယာနှင့် ပတ်သက်သည့် အစည်း အဝေးနှင့် အခမ်းအနားများသို့ ပြန်ကြားရေး ဝန်ကြီးဌာနက ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ မီဒီယာဆက်ဆံရေးနှင့် မီဒီယာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ သင်တန်းသား သင်တန်းသူများ အခြားသိသင့် သိထိုက်သည့် အကြောင်းအရာများကို ဆွေးနွေး ဟောပြောပို့ချခဲ့သည်။

အဆိုပါ သင်တန်းမှာ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး တက္ကသိုလ် ကောလိပ်များမှ ဆရာ ဆရာမ ၃၉၇ ဦး တက်ရောက်လျက်ရှိ ကြောင်း သိရသည်။

ညနေပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ပုံနှိပ်ရေး နှင့် ထုတ်ဝေရေးဦးစီးဌာန အထက် မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား သည်။

ထို့နောက် စက်ရုံအတွင်း ပုံနှိပ် ရေးလုပ်ငန်းများ၊ ထုတ်ဝေရေး လုပ်ငန်းများ ဆောင်ရွက်နေမှု များကို လှည့်လည်ကြည့်ရှု၍ ပြည်ထောင်စု ဝန်ကြီးက သာပေါင်းစက္ကူစက်ရုံမှ ယခုအခါ သတင်းစာစက္ကူ ကုန်ကြမ်းများကို နမူနာပေးပို့လာသဖြင့် သတင်းစာ တိုက်တွင် စမ်းသပ်မှုများ ဆောင်ရွက်လျက် ရှိကြောင်း၊ နောင်တွင် ကျောင်းသုံးစက္ကူ 70 GSM အဆင့်သို့ ရောက်ရှိလာပါက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ယခုထက် အရေအတွက် ပိုမို ရိုက်နှိပ်ပေးရန်ရှိသဖြင့် လိုအပ် သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပုံနှိပ်လျက်ရှိသည့် သင်ရိုးညွှန်းတမ်း စာအုပ်များ အရည်အသွေး ကောင်းမွန် စံချိန်မီရေး၊ အချိန်မီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Online Trading အစီအစဉ်နှင့်စပ်လျဉ်း၍ AD လိုင်စင်ရဘဏ်များသို့ ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌက AD လိုင်စင်ရဘဏ်များသို့ Online Trading အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းညှိနှိုင်း ဆွေးနွေးသည့် အစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ရန်ကုန် ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

ဦးစွာ Online Trading အစီ အစဉ် ဖြစ်ပေါ်လာရခြင်း အကြောင်းရင်း၊ လက်ရှိ ဆောင်ရွက်နေသည့် အခြေအနေ နှင့် ဆက်လက်ဆောင်ရွက်သွား မည့် အခြေအနေများနှင့် စပ်လျဉ်း ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ရှင်းလင်းရာတွင် Online Trading အစီအစဉ်ကို အကောင် အထည်ဖော်ရခြင်းနှင့် ပတ်သက် ၍ Online Trading မဆောင်ရွက်မီ ကာလက ပို့ကုန်သွင်းကုန်လုပ်ငန်း ရှင်များ၊ ချေးငွေ အရင်း၊ အတိုး ပေးဆပ်လိုသူများ၊ အကြောင်း အမျိုးမျိုးနှင့် ငွေလွှဲပေးပို့လိုသူများ အနေဖြင့် ဘဏ်များမှတစ်ဆင့် ဝယ်လို၊ ရောင်းလိုကြောင်း တင်ပြ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ပွဲစားများဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်သော် လည်းကောင်း စုံစမ်းညှိနှိုင်းပြီး မိမိတို့စိတ်ကြိုက် ငွေလဲလှယ်နှုန်းကို သတ်မှတ် ရောင်းချခဲ့ကြောင်း၊ ဈေးကွက်၏ အမှန်တကယ် ဝယ်လိုအား၊ ရောင်းလိုအား ပမာဏကို စိစစ် သုံးသပ်ခြင်းမရှိဘဲ ရောင်းဝယ် ခဲ့ကြောင်း။

Macroeconomics Data အချက်အလက်များ၊ Trading partner နိုင်ငံများ၏ ငွေလဲလှယ် နှုန်းများ၊ ပြည်တွင်း ငွေကြေး ပြောင်းလဲမှု အချက်များအပေါ် အခြေခံ၍ ဈေးကွက်ကျွမ်းကျင် ပညာရှင်က ခန့်မှန်းတွက်ချက်ခြင်း မဟုတ်ဘဲ တရားမဝင်ငွေကြေး ဈေးကွက်၏ ငွေလဲလှယ်နှုန်းများ ဖြင့် ရောင်းဝယ်ခဲ့ကြခြင်းကြောင့် အကျိုးဆက်များ အနေဖြင့် ကုန်ဈေးနှုန်း ကြီးမြင့်စေခြင်း၊ နိုင်ငံခြားငွေကြေးဈေးကွက်ကို ပျက်ပြားစေခြင်း၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ပြည်တွင်းငွေကြေး ဈေးကွက်ကိုယုံကြည်မှုလျော့နည်း စေခြင်းတို့ကို ဖြစ်ပေါ်စေသော ကြောင့် ငွေကြေးဈေးကွက် အတွင်းရှိ ဝယ်လိုအား၊ ရောင်းလို အားနှင့် အမှန်တကယ်ရောင်းချ နိုင်သည့် နေ့စဉ်ပမာဏကို မလိုအပ်ဘဲ ပြည်ပသို့ ငွေသား စီးဆင်းမှုမရှိစေရန်၊ အမှန်တကယ် ငွေပေးချေရန် လိုအပ်သူများက ဈေးကွက်အတွင်း မျှမျှတတသုံးစွဲ နိုင်စေရန်၊ တစ်ဦးတစ်ယောက်၊ ကုမ္ပဏီတစ်ခုတို့မှ ဈေးကွက်ဝေစု အများစုကိုရယူပြီး ပြည်ပသို့ လွှဲပြောင်းနေခြင်းများကို မျှမျှ တတ ဖြစ်စေရန်၊ ပို့ကုန်သွင်းကုန် လိုင်စင်၊ ပို့ကုန်သွင်းကုန် ကြေညာ လွှာများမှန်ကန်မှု ရှိ၊ မရှိ ဘဏ်များ က စိစစ်နေသော်လည်း လွန်ခဲ့သော နှစ်နှစ်ခန့်က သွင်းကုန်ကြေညာ လွှာများကို ငွေပြန်လည်လွှဲပြောင်း နေသည့်ကိစ္စရပ်များ မဖြစ်သင့်၍ လည်းကောင်း၊ သွင်းကုန်တင်သွင်း သူများအနေဖြင့် အထူးသဖြင့် MIC-FDI ကုမ္ပဏီများ ငွေဝယ်ယူ လွှဲပြောင်းရာတွင် တရားဝင် ရောင်းဝယ်သည့် Platform များ ပေါ်ပေါက်လာစေရန် ဖြစ်သင့်သည့် ငွေလဲလှယ်နှုန်းကို ဘဏ်များ၊ ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူ များက ပိုမိုထိန်းကျောင်းနိုင်ရန် ရည်ရွယ်ကြောင်း။

ထို့ပြင် ဘဏ်များအနေဖြင့် Online Trading ဆောင်ရွက်ရာ တွင် သတ်မှတ်ထားသော အချက် များ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ မူဝါဒများ ပိုမိုရှင်းလင်းစွာ နားလည် ပြီး စည်းမျဉ်းများ လိုက်နာစေရန် ဖြစ်ကြောင်း၊ ယခုအခါ ဘဏ်များ က သတ်မှတ်ချက်များနှင့် မူဝါဒ များကို ပိုမိုနားလည်ပြီးဖြစ်၍ ရှေ့ဆက် ဆောင်ရွက်ရန်ဖြစ် ကြောင်း၊ မိမိတို့ဘဏ်က ကိုယ်တိုင် ဆောင်ရွက်ခြင်း သို့မဟုတ် မြန်မာနိုင်ငံ ဘဏ်များအသင်းက ရွေးချယ်ထားသည့် အဖွဲ့ဖြင့် ဆောင်ရွက်ပြီး ဗဟိုဘဏ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနတို့က စောင့်ကြည့် ကြီးကြပ်၍ နေ့စဉ်လိုအပ်သည့် နိုင်ငံခြားငွေ ပံ့ပိုးပေးခြင်းတို့ကို ဝင်ရောက် ဆောင်ရွက်မည်ဖြစ် သည့်အပြင် ဗဟိုဘဏ်အနေဖြင့် ငွေကြေးလွှယ်ကူမှုကို ပံ့ပိုးပေးရန် SWAP facility များကိုလည်း ဘဏ်များမှတစ်ဆင့် တောင်းဆိုပါ က ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြား သည်။

ထို့နောက် တက်ရောက်လာ သည့် ဘဏ်များမှ တာဝန်ရှိသူများ က Online Trading အစီအစဉ်ကို ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့်သာ မျှတသော ရောင်းဝယ်မှုဖြစ်စေရေး နှင့် ပထမအဆင့်တွင် အဖွဲ့တစ်ခု ကို ဘဏ်များ၊ ဗဟိုဘဏ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနတို့မှ ကိုယ်စား လှယ်များဖြင့် ဖွဲ့စည်းပြီး ဝယ်ဈေး နှုန်း၊ ရောင်းဈေးနှုန်းများကို စနစ် တကျ ကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ကြပြီး အစည်းအဝေးကို မွန်းလွဲ ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်၍ အသိပညာပေး

**ဘုတ်ပြင်း အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ရင်ဆိုင် ကြုံတွေ့နိုင်မည့် အခြေအနေများ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘုတ်ပြင်းမြို့ အေးချမ်းမြိုင် (၂)ကျေးရွာ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဘုတ်ပြင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံမွှေးက အယ်လ်နီညိုရာသီဥတုကြောင့် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်လာနိုင်ကြောင်း၊ အပူချိန်မြင့်မားမှု ကြောင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုး သက်ရောက်မှုနှင့် ကြိုတင်ကာကွယ်ရန် နည်းလမ်းများအကြောင်း၊ အယ်လ်နီညို ရာသီဥတုကြောင့် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှောင်ရန်/ဆောင်ရန် နည်းလမ်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းတာဝန်ခံနှင့် ရေငန်ပုစွန် မွေးမြူရေးလုပ်သား ၄၀ တက်ရောက်ခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ပြန်လည်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားခဲ့သည့် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ထပ်ဆင့်ပြန်လည်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ရုံ၊ အလုပ်ရုံများမှ စက်ရုံမှူးများ၊ စိုက်ကွင်း၊ စိုက်ခြံတာဝန်ခံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက Virtual ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၈/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားခဲ့သည့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို စက်မှုဝန်ကြီးဌာနအနေဖြင့် မူဝါဒ၊ လုပ်ငန်းလမ်းညွှန်များအဖြစ် သတ်မှတ်၍ အမြန်ဆုံးအောင်မြင်အောင် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် Action Plan များ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံများအနေဖြင့် ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများအနေဖြင့် စက်စွမ်းအားပြည့်လည်ပတ်၍ အကျိုးရှိထိရောက်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တက်ရောက်လာသည့်အရာထမ်းများက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်ရန်ကိစ္စရပ်များ ရေးဆွဲ၍ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တက်ရောက်လာသူများက လက်တွေ့အကောင်အထည်ဖော်ရန် ကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြုရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံအခြေစိုက် Best International Travel & Agency မှ အမှုဆောင်အရာရှိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် Best International Travel & Agency မှ အမှုဆောင်အရာရှိ Ms. Kulchalee Preechaya-deekul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ Best International Travel & Agency အမှုဆောင်အရာရှိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား နှစ်နိုင်ငံခရီးသွားများ အပြန်အလှန်လည်ပတ်ရေး၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲရေးနှင့် ရုရှားခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

Best International Travel & Agency အမှုဆောင်အရာရှိနှင့် တွေ့ဆုံစဉ် ထိုင်းခရီးသွားများ အများဆုံးလည်ပတ်လေ့ရှိသော ရန်ကုန်-ပဲခူး-ကျိုက်ထီးရိုး ခရီးစဉ်များအပြင် ခရီးစဉ်အသစ်များသို့လည်း လာရောက်လည်ပတ်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုပ်သံဗီဒီယိုများရိုက်ကူး၍ ထိုင်းနိုင်ငံရှိ သတင်းမီဒီယာများ၌ လွှင့်တင်ရေး၊ ရန်ကုန်နှင့် ဘန်ကောက်အကြား လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲပေးနိုင်ရေး၊ မြန်မာ-ထိုင်းနှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ Best International Travel & Agency အနေနှင့် ထိုင်းခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးခရီးစဉ်များ ရောင်းချပေးလျက်ရှိပြီး ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်ကိုလည်း ခရီးစဉ်များရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကာ မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသ ရုပ်သံဗီဒီယိုများ ရိုက်ကူး၍ ထိုင်းသတင်းမီဒီယာများဖြစ်သော Thai Channel 5, Thairath, Workpoint နှင့် Mono 29 တို့တွင်လည်း လွှင့်တင်ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ ခရစ်ယာန်ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ ခရစ်ယာန်ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့ကို ယမန်နေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမပထမထပ်ရှိ မြို့တော်ဝန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရုရှားအော်သိုဒေါ့ ခရစ်ယာန်ဘုရားကျောင်း တည်ဆောက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်း စွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာ၌ ဗီယက်နမ်မြေပဲမျိုးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ရွှေကျင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာ တောင်သူ ဦးဝင်းနိုင်၏ ကိုင်းမြေ ၁၀ ဧကတွင် ဆီထွက်သီးနှံ ဆောင်းမြေပဲ စိုက်ပျိုးမှုအောင်မြင်စေပြီး မြေပဲအထွက်တိုး၍ ဆီဖူလုံပိုလျှံစေရန်အတွက် ဗီယက်နမ်မြေပဲမျိုး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွေးက ဗီယက်နမ်မြေပဲမျိုး စိုက်ပျိုးမှု စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ဗီယက်နမ် မြေပဲမျိုးများကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်းတွက်ချက်ခြင်း ညှိနှိုင်းအစည်းအဝေးနှင့် လူမှုစီးပွားရေးဆိုင်ရာ လုပ်ငန်းသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်းတွက်ချက်ရေးညှိနှိုင်းအစည်းအဝေးနှင့် Naypyitaw State Academy ၌ ကျင်းပသည့် လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်း (Social Enterprise) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။



လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်းတွက်ချက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၏ တိုးတက်မှုများကို တိုင်းတာရန် လူမှုကာကွယ်စောင့်ရှောက်ရေး အညွှန်းကိန်းများကို တွက်ချက်ရပါကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများ၏ အချက်အလက်များကို ထည့်သွင်းတွက်ချက်ရသဖြင့် မူဝါဒနှင့်ကိုက်ညီသည့် အဖွဲ့အစည်းများမှ လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ် အချက်အလက်များပါ ထည့်သွင်းတွက်ချက်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ပြည်သူလူထုအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည့်အတွက် အညွှန်းကိန်းတွက်ချက်သည့်အခါတွင် အသုံးစရိတ်ခေါင်းစဉ်များ မကျန်ရှိစေရေး၊ အချက်အလက်များ မှန်ကန်တိကျစေရေးတို့အတွက် ထည့်သွင်းသင့်သည့်အသုံးစရိတ်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်း (Social Enterprise) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး လေ့လာသင်ယူပြီးသည့် ပညာရပ်များကို လက်တွေ့အသုံးချနိုင်ရန်နှင့် လက်ဆင့်ကမ်းမျှဝေသွားရန်၊ တီထွင်ဖန်တီးမှုများနှင့်အတူ Brand ဝင်၍ Quality ကောင်းသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးကြရန်လိုကြောင်း ပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ သင်တန်းနည်းပြများထံ ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် အမျိုးသမီးကျောင်းများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန Naypyitaw State Academy မှ ဆရာ ဆရာမများက သုံးရက်တာသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့်အရာထမ်းသင်တန်း အမှတ်စဉ်(၉)နှင့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၇) သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တက္ကသိုလ် ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးရဲနိုင်က အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းကို မေ ၂ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ Hybrid စနစ်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၇ ဦး၊ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြသည်။

အလားတူ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အဆိုပါ တက္ကသိုလ် ရတနာသိဃ်ခန်းမ၌ ကျင်းပပြီး သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ တက္ကသိုလ် သင်ကြားရေး/ စီမံဌာနများမှ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိက ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား စံပြဆုရရှိသူ ဦးသုထက်အောင်နှင့် သင်တန်းသူစံပြဆုရရှိသူ ဒေါ်စန္ဒာဝင်းတို့ကိုလည်းကောင်း၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၁၇)သို့ သင်တန်းသား ၈၅ ဦး၊ သင်တန်းသူ ၉၆ ဦး၊ စုစုပေါင်း ၁၈၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို မေ ၂ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ In-House Learning ဖြင့်လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁) Xinda Home Textile(Myanmar) စက်ရုံနှင့် Tough Way Garment Co.,Ltd. အထည်ချုပ်စက်ရုံတို့၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ရွှေပြည်သာမြို့နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကိုကိုနှင့် ဦးစီးအရာရှိ ဦးသန်းထွန်းဇော်တို့က အလုပ်သမားဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများ အလုပ်သမားဥပဒေများကို သိရှိလာပြီး အလုပ်ရှင်၊ အလုပ်သမားများ၏လုပ်ငန်းခွင်ဆက်ဆံရေး၊ ကောင်းမွန်အေးချမ်းသာယာပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံ၏စီးပွားရေးကဏ္ဍကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**





# ဗိုလ်တထောင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ Handmade သင်တန်း (၁/၂၀၂၃)ဖွင့်လှစ်

ဗိုလ်တထောင် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Women Club တို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနတွင် Handmade သင်တန်း(၁/၂၀၂၃)ကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်နှင့် အသိပညာပေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က Handmade ကလစ်ပြုလုပ်မည့် ပစ္စည်းများနှင့် ပြုလုပ်ပုံပြုလုပ်နည်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး Handmade ကလစ်ပြုလုပ်ပုံအဆင့်ဆင့်၊ ဆံပင်အလှဆင်ဖဲပြားတပ်ဆင်နည်း လုပ်နည်းအဆင့်ဆင့်တို့ကို စာတွေ့၊ လက်တွေ့ပြုလုပ်ပြသရာ သင်တန်းသားများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုမှတ်သား၍ တက်ရောက်လာသော သင်တန်းသူ ၁၃ ဦးတို့က သိရှိလိုသည်များကို မေးမြန်းသင်ယူခဲ့ကြောင်း သိရသည်။

ထို့နောက် သင်တန်းသားများက ဗိုလ်တထောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်များ၊ စာအုပ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခင်ဝင်းကြည်(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ် ပူဇော်ထားသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာ ကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်၊ အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်း တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် အဆောင်သို့ သွားရောက်ကာ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ယင်းနောက် စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သွားရောက်၍ ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက် အတွဲများနှင့် ကျောက်စိမ်းအရိုင်းအတွဲများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ လိုက်ပါလာသည့် ပြည်ပဆက်ဆံရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးဌာန အထူးအရာရှိချုပ် Dmitry KRUTOY နှင့် စိန့်ပီတာစဘတ်မြို့ N.P. Napalkov အဆင့်မြင့် ကင်ဆာရောဂါကုသရေးစင်တာ ဒါရိုက်တာ Vladimir M. Moiseyenko တို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ ကုသရေး) ဒေါက်တာသီတာလှက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကင်ဆာဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမျိုးမြင့်မော်က ကင်ဆာဆေးပညာဌာနအကြောင်းကို လည်းကောင်း၊ ဓာတ်ရောင်ခြည် ကင်ဆာကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမိုးလှိုင်က ဓာတ်ရောင်ခြည်ကင်ဆာကုဌာနအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ Napalkov အဆင့်မြင့် ကင်ဆာရောဂါကုသရေးစင်တာ ဒါရိုက်တာ Vladimir M. Moiseyenko က Napalkov အဆင့်မြင့် ကင်ဆာရောဂါကုသရေးစင်တာတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထူးအရာရှိချုပ်နှင့်အဖွဲ့က ခေတ်မီကင်ဆာဆေးကုသမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံနည်းပညာအပြန်အလှန် ဖလှယ်ရေး၊ ဆေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အထူးအရာရှိချုပ်နှင့် ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး) ဒေါက်တာ သီတာလှတို့သည် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုပေးသည့် စက်ခန်းများ၊ Brachytherapy ဖြင့် ကုသမှုပေးသည့် စက်ခန်း၊ PET/CT, Cyclotron Centerနှင့် ကင်ဆာဆေးပညာအတွင်း လူနာဌာနများသို့ လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဓာတ်ရောင်ခြည်ဖြင့်ကုသမှုပေးသည့် စက်ခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကြည့်ရှုလေ့လာစဉ်။

## ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဒိုက်ဦး အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖအောင်ဝဲကျေးရွာအုပ်စု တောင်သူဦးလှမြင့်၏ ဆင်းသုခမျိုးသန့်စိုက်ခင်း မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့ ကျင်းပသည်။

ရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမင်းနောင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာ အစိုအထွက်နှုန်း ၁၂၅တင်း၊ အခြောက် အထွက်နှုန်း ၁၁၅ တင်း ထွက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(မြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာနှင့် ဝဲကြီးကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



## ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာသို့ ရောက်ရှိပြီး သမဝါယမအသင်းမှ အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံရာ အသင်းသားများက စိုက်ပျိုးဧက ၂၀ ပေါ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိ စိုက်ပျိုးနေသော စပါးမျိုးများအပြင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်မှုသာလျှင် တောင်သူများ ဝင်ငွေတိုးပွားနိုင်မည်ဖြစ်ပြီး လိုအပ်သည့် စိုက်နည်းစနစ်၊ စိုက်ပျိုးရေရရှိရေးတို့အတွက် ဝန်ကြီးဌာနသက်ဆိုင်ရာများမှ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိုးစပါးအပြီး ဒေသနှင့်ကိုက်ညီသည့်သီးနှံများ ဆက်လက်စိုက်ပျိုးခြင်းအားဖြင့် ကျေးရွာတောင်သူများ၏ ဝင်ငွေမြင့်မားလာမည်ဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ကာ ဖြစ်ထွန်းအောင်မြင်နေသော မိုးစပါးစိုက်ခင်းများနှင့် အသင်းပိုင်မွေးမြူရေးကြက်ခြံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ၌ ရွှေပြည်တန်ခွန်ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန်အစာစပ်စက်ရုံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် မြေညှိခြင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်ရုံတည်ဆောက်ခြင်းနှင့် စက်ပစ္စည်းများတပ်ဆင်ခြင်း ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်ရုံတည်ဆောက်ပြီးပါက တစ်နာရီလျှင် အစာတစ်တန်နှုန်းဖြင့် တစ်ရက်လျှင် တိရစ္ဆာန်အစာစပ် ရှစ်တန် ထုတ်လုပ်နိုင်မည့်အခြေအနေနှင့် စက်ရုံမြေနေရာ လိုအပ်ချက်၊ အစာတစ်တန်ထုတ်လုပ်မှုကုန်ကျစရိတ်၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်၊ ကုန်ကြမ်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝဲကြီးကျေးရွာမှ တောင်သူဦးကိုကြီး၏ အောင်မြင်ဖြစ်ထွန်းနေသည့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဆည်ရေသောက်ဧရိယာများ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး သီးထပ်စွမ်းအားတိုးမြှင့်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ဆည်ရေလှောင်တမံများ၏ ကြံ့ခိုင်လုံခြုံမှုရှိရေးနှင့် စိုက်ပျိုးရေ အပြည့်အဝ ပေးဝေနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆည်ရေသောက်ဧရိယာအတွင်း ရေကိုအကျိုးရှိစွာအသုံးချနိုင်ရေးနှင့် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်း ရေလှောင်တမံရေသောက်ဧရိယာအတွင်း ယခင်နှစ်ကထက် နွေစပါးစိုက်ဧကတိုးချဲ့နိုင်ရေး၊ သီးထပ်တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် ရေအသုံးချသူများအဖွဲ့(WUG)များနှင့် ဌာနဆိုင်ရာများပေါင်းစပ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်သည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါး ရေထုတ်နုတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငမိုးရိပ်ရေထိန်းတံခါး မူလဒီဇိုင်း၏ ရေထုတ်နိုင်သည့် ပမာဏထက် များပြားသောရေများ ဝင်ရောက်လာပြီး ရေလျှံခြင်းဖြစ်ပေါ်လျက်ရှိရာ ဒုတိယဝန်ကြီးက ငမိုးရိပ်ချောင်းရေထိန်းတံခါး အောက်ပိုင်း ရေပိုမိုထုတ်နုတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန် ထပ်မံတိုင်းတာ စီမံတွက်ချက်နိုင်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ချောင်းအတွင်း ရေစီးရေလာကောင်းရန် စက်ယန္တရားများဖြင့် နုန်းများစုပ်ယူနေမှုနှင့် ရေကြီးနစ်မြုပ်မှု လျော့ပါးစေရန် ငမိုးရိပ်ရေထိန်းတံခါးတွင် ပိတ်ဆို့နေသော ဒိုက်၊ ဗေဒါနှင့် အမှိုက်များ ရှင်းလင်းနေမှု၊ လှည်းကူးမြို့နယ်ရှိ ဆင်ဖုန်ရေထိန်းတံခါး ရေထုတ်နုတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁)ပင်မစက်ပြင်အလုပ်ရုံ (ကျိုက္ကလို့)၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အမှတ်(၁) လယ်ယာသုံးစက်ကိရိယာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံပိုလျှံရေး၊ လယ်ယာထွက်ကုန်အခြေခံ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက်သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေးဟောပြော

ဖြူး အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်းများကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးနှင့် ငါးလုပ်ငန်းများလုပ်ကိုင်သည့် ကျေးရွာများ၌ သွားရောက်ဆောင်ရွက်ခဲ့သည်။

## အသိပညာပေးဟောပြော

ထိုသို့ အသိပညာပေးဟောပြောခဲ့ရာတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတာဝန်ခံ နော်ခွိဝါးက အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသော ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)




ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။


# ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ နဝမအကြိမ်ထုတ်ပေး

ကျိုက်ထို အောက်တိုဘာ ၂၀

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပျဉ်းကတိုးကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် အသင်းသား ၁၈၃ ဦးထံသို့ ထုတ်ချေးငွေကျပ် ၅၉ ဒသမ ၈ သန်းအား နဝမအကြိမ်မြောက် နေ့ချင်းပြီး ထုတ်ချေးပေးခဲ့သည်။

မြစိမ်းရောင်ချေးငွေများကို ပြန်လည်ထုတ်ချေးရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များမှ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ထုတ်ချေးပေးခြင်းအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သီရိလင်္ကာသမ္မတ ရာနေးဝစ်ခရီမီဆင်ဂေးတို့ တွေ့ဆုံ



ပေကျင်း အောက်တိုဘာ ၂၀

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး တတိယအကြိမ်မြောက် ဖိုရမ်တက်ရောက်ရန် ပေကျင်းမြို့၌ ရောက်ရှိနေသော သီရိလင်္ကာသမ္မတ ရာနေးဝစ်ခရီမီဆင်ဂေးနှင့် ယနေ့ တွေ့ဆုံခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပူးပေါင်းပါဝင်သည့် ပထမဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်နိုင်ငံသည် အရည်အသွေးမြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-သီရိလင်္ကာ မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုးတက်မှု အသစ်များရရှိရန် သီရိလင်္ကာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ရှီက ဆက်လက်ပြောသည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံမှ အရည်အသွေးမြင့် အထူးထုတ်ကုန်များကို ပိုမိုတင်သွင်းလိုကြောင်း၊ သီရိလင်္ကာနိုင်ငံအတွင်း ၎င်း၏စီးပွားရေးကို အသွင်ပြောင်းကာ အဆင့်မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် တရုတ်လုပ်ငန်းရှင်များအား နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန်နှင့် စီးပွားရေး လုပ်ဆောင်မှုပြုရန် ဆန္ဒရှိကြောင်း ရှီက ပြောသည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံအား နိုင်ငံရေးအရ တင်းမာမှုမရှိဘဲ ၎င်း၏ လူ့အဖွဲ့အစည်းနှင့် ပြည်သူများ၏ စားဝတ်နေရေးဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံက သီရိလင်္ကာနိုင်ငံအား အိန္ဒိယသမုဒ္ဒရာအတွင်း ကူးသန်းရောင်းဝယ်ရေး အချက်အချာအဖြစ်မြင်တွေ့ရသည့်အတွက်ဝမ်းမြောက်မိကြောင်း သမ္မတရှီကပြောသည်။

အလားတူ သီရိလင်္ကာနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အကျိုးရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ကြောင်း သီရိလင်္ကာသမ္မတရာနေးဝစ်ခရီမီဆင်ဂေးက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့စ်နှင့် တွေ့ဆုံ

ပြုံယမ်း အောက်တိုဘာ ၂၀

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားနိုင်ငံခြားရေး



ဝန်ကြီး လက်ဗရော့စ်နှင့် ယမန်နေ့တွင် တွေ့ဆုံသည်။ ယခုခရီးစဉ်သည် လက်ဗရော့စ်၏မြောက်ကိုရီးယားနိုင်ငံသို့ ပထမဆုံး ခရီးစဉ်ဖြစ်သည်။

ပြီးခဲ့သောလတွင် ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် ရုရှားနှင့် ရရှိထားသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရ အလုပ်သမားပါတီသတင်းစာ Rodong Sinmun က အဆိုပါ ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ထိပ်သီးအစည်းအဝေးတွင် ပြုလုပ်ခဲ့သော နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်စေမည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် ပြုံယမ်း၏ ရပ်တည်ချက်ကို ပြသခဲ့ကြောင်း အဆိုပါ သတင်းစာက ဖော်ပြခဲ့သည်။

ကင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် ရုရှားနိုင်ငံ အရှေ့ဖျားရှိ အာကာသစခန်းတစ်ခု၌ စက်တင်ဘာလတွင် တွေ့ဆုံခဲ့သည်။

ကင်နှင့် လက်ဗရော့စ်တို့သည် နှစ်နိုင်ငံအတွက် အရေးကြီးသော ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတကာ အခြေအနေကို တက်ကြွစွာ ရင်ဆိုင်ဖြေရှင်းရန်နှင့် နယ်ပယ်အားလုံးတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးချဲ့ရန်လည်း သဘောတူညီခဲ့ကြောင်း သိရသည်။ အစီရင်ခံစာတွင် နှစ်ဦးသဘောတူ သဘောတူညီချက်ရရှိခဲ့သည်ဟု ဆိုသည်။

**လက်မှတ်ရေးထိုး**

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချွဲဆွန်ဟူနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့စ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးနှစ်ဦးသည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာအပါအဝင် နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် ၂၀၂၄ မှ ၂၀၂၅ ခုနှစ်အထိ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးကျေးဇူးများယူဆောင်ခဲ့ဟု ကမ္ဘောဒီးယား ပြောကြား

ဖနောင်ပင် အောက်တိုဘာ ၂၀

တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် များစွာသော အကျိုးကျေးဇူးများ ယူဆောင်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

(၁၀) နှစ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမနှစ်ပတ်လည်နေ့နှင့် တွဲဖက်ကျင်းပသည့် တတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တက်ရောက်ပြီး ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးတိုးတက်မှု၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုနှင့် ပြည်သူအချင်းချင်းဖလှယ်မှုစသည့် အကျိုးကျေးဇူးများစွာဖြင့် ကမ္ဘောဒီးယား အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများစွာကို ပံ့ပိုးပေးခဲ့ကြောင်း ကြေညာချက်အရ သိရသည်။ ဖိုရမ်အတွင်း ဟွန်မာနက်က ဖိုရမ်အတွင်း ရေးဆွဲခဲ့သည့် အဓိကလုပ်ဆောင်မှု ရှစ်ခုကို ပူးတွဲအကောင်အထည်ဖော်ရန် ကမ္ဘောဒီးယားနိုင်ငံက အပြည့်အဝထောက်ခံကြောင်းနှင့် အဆင်သင့်ရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

၎င်းဆောင်ရွက်ချက်များတွင် ဘက်ပေါင်းစုံမှ ရပ်ဝန်းနှင့် ပိုးလမ်းမဆက်သွယ်မှု ကွန်ရက်တည်ဆောက်ခြင်း၊ ပွင့်လင်းကမ္ဘာ့စီးပွားရေးကို ပံ့ပိုးပေးခြင်း၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်း၊ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများ မြှင့်တင်ခြင်း၊ ပြည်သူအချင်းချင်းဖလှယ်ခြင်းကို ပံ့ပိုးပေးခြင်း၊ နိုင်ငံတကာရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုအတွက် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုကို အားကောင်းစေခြင်းတို့ ပါဝင်သည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံမြှင့်တင်ရေးအတွက် ရန်ပုံငွေတိုးမြှင့်ပေးရန် ဟွန်မာနက်က တောင်းဆိုထားကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကို အယ်လ်ဂျီးရီးယားနိုင်ငံသားများ ကန့်ကွက်ဆန္ဒပြ

အယ်လ်ဂျီးရစ်ဒ် အောက်တိုဘာ ၂၀

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကို သောင်းနှင့်ချီသော အယ်လ်ဂျီးရီးယားနိုင်ငံသားများက အောက်တိုဘာ ၁၉ ရက်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း သိရသည်။



မြို့တော် အယ်လ်ဂျီးရီစ်ဒ်တွင် လူအုပ်ကြီးသည် အာဇာနည်ရင်ပြင်သို့ ချီတက်ခဲ့ကြပြီး၎င်းချီတက်မှုကို နိုင်ငံပိုင် ENTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

**တောင်းဆို**

ပါလက်စတိုင်းနှင့် အယ်လ်ဂျီးရီးယားအလံများကို ဝှေ့ယမ်းကာ ဆန္ဒပြသူများသည် ပါလက်စတိုင်းကိုလိုလားသော ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြပြီး အသက်ဆုံးရှုံးခဲ့ရသူများအတွက် တရားမျှတမှုကို တောင်းဆိုကာ အရပ်သားများအပေါ် အစ္စရေး၏အကြမ်းဖက်မှုကို အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြသူများသည် ပါလက်စတိုင်းနိုင်ငံ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြပြီး ၎င်းအရေးအား နိုင်ငံတကာအသိုင်းအဝိုင်းက ဝင်ရောက်ဖြေရှင်းရန် တောင်းဆိုခဲ့ကြသည်။ ဂါဇာကမ်းမြောင်ဒေသအပေါ် ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းရန်နှင့် ကမ္ဘာ့ခေါင်းဆောင်များအား အစ္စရေးကို ဖိအားပေးရန် တောင်းဆိုခဲ့ပြီး ပါလက်စတိုင်းနယ်မြေအတွင်း နယ်စပ်ဖြတ်ကျော်ခွင့်ပြုရန်နှင့် ဂါဇာရှိပြည်သူများထံ အကူအညီနှင့် ဆေးဝါးများပေးပို့ရန် အရေးတကြီးလိုအပ်နေကြောင်း ဆန္ဒပြသူများက ပြောကြားခဲ့သည်။

**ပစ္စည်းများပြတ်တောက်နေ**

အခြား အယ်လ်ဂျီးရီးယားပြည်နယ်များတွင်လည်း ချီတက်ပွဲများနှင့် ဆန္ဒပြပွဲများကို စီစဉ်ခဲ့ကြောင်း ENTV မှ သိရသည်။ ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့သည် အောက်တိုဘာ ၇ ရက်က ဂါဇာကမ်းမြောင်နှင့် ကပ်လျက်ရှိ အစ္စရေးစစ်ဘက်ဆိုင်ရာ ပစ်မှတ်များနှင့် မြို့များကို တိုက်ခိုက်ခဲ့ရာ အပြန်အလှန်အားဖြင့် ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးက ကျယ်ကျယ်ပြန့်ပြန့် လေကြောင်းတိုက်ခိုက်မှုနှင့် ဒဏ်ခတ်အရေးယူမှုများ ဆောင်ရွက်ခဲ့သဖြင့် ၎င်းဒေသတွင် လျှပ်စစ်ဓာတ်အား၊ လောင်စာဆီနှင့် အခြားလိုအပ်သော ပစ္စည်းများ ပြတ်တောက်နေသည်။

ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံတွင် လူ ၁၃၀၀ ခန့် သေဆုံးခဲ့သည်။ အပြန်အလှန်အားဖြင့် ဂါဇာကမ်းမြောင်ဒေသကို အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၃၄၇၈ ဦးအထိ သေဆုံးကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တပ်မတော်စခန်းများအား KIA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်

**နေပြည်တော်  အောက်တိုဘာ ၂၀**

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထားလိုက်နာ ဆောင်ရွက်လျက်ရှိပြီး NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကြီးကိုလည်း အနှစ်သာရရှိစွာ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့သည်။

ထိုသို့တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် အစဉ်တစ်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေလိုသော ရည်ရွယ်ချက်များဖြင့် KIA တပ်မဟာ(၆)လက်အောက်ခံတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၁၉ ရက် နံနက် ၆ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့၏အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာရှိ တပ်မတော်မှ နယ်မြေထိန်းလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် နမ့်ကွတ်စခန်းအား နေရာသုံးနေရာမှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။


လဲလုံစခန်း နေရာပုံ


KIA တပ်မဟာ(၆)စခန်း နေရာပုံ


နမ့်ကွတ်စခန်း နေရာပုံ

ထိုသို့ တိုက်ခိုက်လာရာစခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မဆုတ်မနစ် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း သောင်းကျန်းသူအင်အား များပြားလာမှုကြောင့် စစ်ကူစစ်ကြောင်းများ မရောက်မီ ညနေ ၄ နာရီခွဲခန့်တွင် စခန်းမှခေတ္တဆုတ်ခွာခဲ့ပြီး စစ်ကူစစ်ကြောင်းများဖြင့် ပြန်လည်ပူးပေါင်းလျက် စခန်းနေရာအား ပြန်လည်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တိုက်ခိုက်လာမှုကြောင့် တပ်မတော် စစ်ကြောင်းများကလည်း KIA တပ်မဟာ(၆)နေရာအား လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူတို့ဖြင့် တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့၏ ကာကင်းနေရာ တစ်ခုအား KIA တပ်ဖွဲ့ဝင်အလောင်းအချို့နှင့်အတူ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် KIA ဌာနချုပ်လိုင်ဇာ၏ ရှေ့ကာနေရာဖြစ်သော မိုက်ဆာပါတွင် အခြေပြုလျက်ရှိသည့် KIA အဖွဲ့များက ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ရွာအနီးရှိ တပ်မတော်မှဗန်းမော်-ဝိုင်းမော် ကားလမ်းထိန်းစခန်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် လဲလုံစခန်းအား ၂၀၂၃ ခုနှစ် ဇူလိုင် ၈ ရက်မှစ၍ အောက်တိုဘာ ၂၀ ရက်အထိ (၈၁)ကြိမ်တိုင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း စခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြောက်နှင့် လေကြောင်းပစ်ကူရယူ၍ ရှုပ်ရှုပ်ချွံချွံပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာမှ ယနေ့ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်တွင် သောင်းကျန်းသူအင်အား များပြားလာသည့်အတွက် စခန်းမှ ခေတ္တဆုတ်ခွာပေးလိုက်ရကြောင်း သိရှိရပြီး စစ်ကူစစ်ကြောင်းများဖြင့် ပူးပေါင်းလျက် အဆိုပါစခန်းအား အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် မော်လမြိုင် အချုပ်ထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင်  အောက်တိုဘာ ၂၀**

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးသည် ပြည်နယ်တရားရေးဦးစီးမှူး၊ မော်လမြိုင်ခရိုင်တရားသူကြီး၊ မော်လမြိုင်မြို့နယ် တရားသူကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်အချုပ်ထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်၊ အချုပ်ထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့နှင့်အတူ အချုပ်ခံရသူနှင့် အကျဉ်းကျခံရသူများ၏ အမျိုးသား၊ အမျိုးသမီးဆောင်များ၊ စားဖိုဆောင်၊ အချုပ်ထောင်ဆေးရုံ၊ အချုပ်ထောင်ရေသန့်စက်ရုံ၊ ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မော်လမြိုင် အချုပ်ထောင် တာဝန်ခံအရာရှိတို့က အချုပ်ခံရသူနှင့် အကျဉ်းကျခံရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်က ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးနှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ခရမ်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ်သက်ရောက်နိုင်မှုများ အသိပညာပေး

**ခရမ်း  အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။



**အသိပညာပေး**

အသိပညာပေး ဟောပြောပွဲတွင် ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် အပူချိန်အမြင့်မားဆုံး ကာလများဖြစ်သည့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဖြစ်ပေါ်လာနိုင်သည့် ငါးမွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံပြည်သူများ ကြုံတွေ့ရမည့်အခြေအနေများကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ အယ်လ်နီညိုဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် အကြောင်းအရာများကို မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

**ရန်ကုန်  အောက်တိုဘာ ၂၀**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်လူမှုဖူလုံရေးရုံး ရွှေလင်ဗန်းစက်မှုဇုန်ရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Meijie (Myanmar)စက်ရုံမှ အာမခံအလုပ်သမား ဦးဇင်မျိုးမင်းသည် လုပ်ငန်းခွင် ထိခိုက်မှုကြောင့် သေဆုံးသွားသဖြင့် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲက ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၄၀၃၂၀၀၀ နှင့် နာရေးစရိတ် အကျိုးခံစားခွင့် ငွေကျပ် ၁၄၂၄၆၄ စုစုပေါင်း ငွေကျပ် ၄၁၇၄၄၆၄ အား အာမခံအလုပ်သမား၏ ဇနီးထံသို့ တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အမျိုးသားစာပေဆုရ၊ ဂီတထူးချွန်ပထမဆင့် မဟာဂီတဗဟိုအကဲဖြတ်ပညာရှင် စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့ ရေးသားပြုစုသော ခေတ်အဆက်ဆက်ယဉ်ကျေးမှု၏ တေးဂီတပဲ့တင်သံ

## အမျိုးသားစာပေဆုရ ဂီတထူးချွန်ပထမဆင့် မဟာဂီတဗဟိုအကဲဖြတ်ပညာရှင် ရွှေကူနန်းနွဲ့နွဲ့ တင်ပြသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် စာတမ်းရှင်ရွှေကူနန်းနွဲ့နွဲ့ ဆွေးနွေးခန်း။

| စဉ် | မွေးသက္ကရာဇ် | ငယ်နာမည် | ဘွဲ့တော် | နန်းတက် | နန်းစံ | သက်တော် | နန်းစံမြို့ |
|---|---|---|---|---|---|---|---|
| | ၁၀၇၆ | ဦးအောင်ဇေယျ | အလောင်းမင်းတရား | ၁၁၁၄ | ၈ | ၄၆ | ရွှေဘိုမြို့ |
| | ၁၀၉၆ | ဦးလောက် | ဒီပဲယင်းမင်း(နောင်တော်ကြီးမင်း) | ၁၁၂၂ | ၃ | ၂၉ | ရွှေဘို၊ စစ်ကိုင်း |
| | ၁၀၉၈ | ဦးရွ | ဆင်ဖြူရှင်၊ မြေဒူးမင်း | ၁၁၂၅ | ၁၃ | ၄၀ | ရွှေဘို၊ အင်းဝ |
| | ၁၁၁၈ | ဦးရဲလှ | စဉ့်ကူးမင်း | ၁၁၃၈ | ၆ | ၂၆ | အင်းဝ |
| | ၁၁၂၅ | ဦးမောင်မောင် | ဖောင်ကားစား | ၁၁၄၃ | ၇ ရက် | ၁၈ | အင်းဝ |
| | ၁၁၂၆ | ဦးဝိုင်း | ဘိုးတော်၊ ဗဒုံမင်း | ၁၁၄၃ | ၃၇ | ၇၅ | အင်းဝ ၊ အမရပူရ၊ |
| | ၁၁၄၆ | ဦးဇင် | ဖလ်နန်းရှင်၊ စစ်ကိုင်းမင်း | ၁၁၈၁ | ၁၈ | ၆၂ | အမရပူရ၊ အင်းဝ |
| | ၁၁၄၈ | ဦးခင် | သာယာဝတီ၊ ရွှေဘိုမင်း | ၁၁၉၉ | ၉ | ၅၉ | အင်းဝ ၊ အမရပူရ၊ |
| | ၁၁၇၃ | ဦးလူကလေး | ပုဂံမင်း | ၁၂၀၈ | ၆ | ၆၈ | အမရပူရ |
| | ၁၁၇၆ | ဦးလွင် | မင်းတုန်းမင်း | ၁၂၁၄ | ၂၆ | ၆၄ | မန္တလေး |
| | ၁၂၂၀ | ဦးမျိုးဆက် | သီပေါမင်း | ၁၂၄၀ | ၇ | ၅၀ | မန္တလေး |

တတိယမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကုန်းဘောင်မင်းဆက်ပြဇယား

(ယမန်နေ့မှအဆက်)

**လွင်** ။ ။ အခုကျွန်တော်တို့ ဆွေးနွေးလာတာ မြန်မာ့ဂီတရဲ့ ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲလာပုံတွေပေါ့နော်။ ကုန်းဘောင်ခေတ်ကို ရောက်ပြီမဟုတ်လား။

**နန်း** ။ ။ ကျွန်မတို့ရဲ့ မြန်မာ့မဟာဂီတသမိုင်းကို ဆွေးနွေးလာလိုက်တာ မဟာဂီတရဲ့ နောက်ဆုံးလို့ဆိုရမယ့် ကုန်းဘောင်ခေတ်ကို ရောက်ပါပြီ။ ကုန်းဘောင်ခေတ်ရဲ့ ဂီတဖွံ့ဖြိုးမှု မှတ်တမ်းပြုမှုတွေဟာ မြန်မာ့မဟာဂီတရဲ့ ၇၅ ရာခိုင်နှုန်းလောက်ကို ရှိတယ်လို့ ဆိုချင်ပါတယ်။ ဘာကြောင့်လဲဆို ကုန်းဘောင်ခေတ်မှာ ရှေ့က ပေါ်ပေါက်ခဲ့တဲ့ သီချင်းတွေကို ပိုမိုပြည့်စုံချောမွေ့အောင် ချဲ့ထွင်ကြတဲ့အပြင် အသစ်အသစ်သော တေးအမျိုးအစားတွေကိုလည်း ဖန်တီးမွေးဖွားပေးခဲ့လို့ပါပဲ။

**လွင်** ။ ။ ကုန်းဘောင်ခေတ်ကလည်း အတော်လေးတော့ ကြာမြင့်ခဲ့တာကိုးနော်။ အလောင်းဘုရား ဦးအောင်ဇေယျကစပြီး ပါတော်မူမင်း သီပေါမင်းအထိနော်။

**နန်း** ။ ။ ဟုတ်ပါတယ်ဆရာ။ ဥဩအော်မြည် ကုန်းဘောင်တည်ဆို မဟုတ်လား။ မြန်မာသက္ကရာဇ် ၁၁၁၅ ခုမှာ ကုန်းဘောင်ရွှေဘို ငါးမည်ရမြို့ တည်ခဲ့တာဆိုတော့ ပါတော်မူ သီချင်းထဲက (ထောင့်နှစ်ရာ့လေးဆယ့်ခုနစ်ခုနှစ်မှာ အတည် တန်ဆောင်မုန်းလျှပ် ၈ ရက်နေ့ကိုတော့ မမေ့နိုင်ပါသည်။) ဆိုတော့ ကုန်းဘောင်ခေတ်ဟာ ၁၃၂ နှစ်ကြာတာပေါ့ဆရာ။ မင်းဆက် (၁၁) ဆက် ရှိပါတယ်။ အဲဒီကာလအတွင်း မြန်မာ့ဂီတ မြန်မာ့စာပေ၊ မြန်မာတို့ရဲ့ယဉ်ကျေးမှုလည်း အဖွံ့ဖြိုးဆုံး ဖြစ်ခဲ့ပါတယ်။

**လွင်** ။ ။ ကုန်းဘောင်ခေတ်ကြီး တစ်ခေတ်လုံးကို ခြုံငုံဖော်ပြဖို့တော့ လိုမယ်ဗျ။ သိပ်များပြီး သိပ်ရှည်လျားသွားမှာလည်း စိုးရတယ်။

**နန်း** ။ ။ စိတ်ချပါဆရာ။ အများသိသင့်တဲ့ ထင်ရှားတဲ့သီချင်းတချို့ပဲ ထုတ်ပြပါမယ်။ ဒါပေမဲ့ အမျိုးအမည်များများ ပေါ်ပေါက်ပေမယ့် သီချင်းအမျိုးအစားအလိုက် ခွဲခြားရင်ရှင်းသွားမှာပါ။ ဥပမာ – ပတ်ပျိုးဆိုပါတော့၊ ‘ချစ်သမျှကို’တို့လို မဟာမြတ်မုနိဘုရားကြီး ပတ်ပျိုး၊ “လေးဒီပါ” တို့လို မဲဇာတောင်ခြေရတုမှ ပေါက်ဖွားလာတဲ့ “မဲဇာတောင်ခြေ” ပတ်ပျိုးတို့လို ထင်ရှားတဲ့ အလှဘွဲ့ ပပဝင်းဝင်း၊ နွေဦးအလှဘွဲ့ မြမြ မောင်းမောင်းတို့လောက် ထုတ်ပြပါမယ်။

**လွင်** ။ ။ ပတ်ပျိုးကတော့ ဟုတ်ပါပြီ။ ယိုးဒယား တေးသီချင်းတွေအကြောင်း နည်းနည်း ရှင်းပြမှဖြစ်မယ်။

**နန်း** ။ ။ ယိုးဒယားဆိုတာ မြန်မာတွေရဲ့ အသံထွက်နဲ့ ခေါ်ဆိုခြင်းပါပဲ။ ယနေ့ ထိုင်းနိုင်ငံရဲ့ ရှေးမင်းနေပြည်မြို့တော်ဟာ ‘အယုဒ္ဓယ’ဖြစ်ပါတယ်။ အဲဒီအယုဒ္ဓယကို ယုဒ္ဓယ ယုဒ္ဓယနဲ့ မြန်မာတွေခေါ်ဝေါ်ရင်း “ယိုးဒယား” ရယ်လို့ တွင်သွားတာဖြစ်ပါတယ်။ မြန်မာမင်းတွေ လက်ထက်က ယိုးဒယားနဲ့ စစ်ဖြစ်ကြရာမှာ ဒုတိယဘုရင့်နောင်ကျော်ထင် နော်ရထာလက်ထက် မှာတစ်ကြိမ်၊ ကုန်းဘောင်ခေတ် အလောင်းဘုရား ဦးအောင်ဇေယျရဲ့ ဒုတိယသားတော် “ဆင်ဖြူရှင်” လက်ထက်မှာတစ်ကြိမ် မြန်မာတို့ အယုဒ္ဓယကို အောင်မြင်ပြီး သိမ်းယူနိုင်ခဲ့ပါတယ်။ ယိုးဒယား “သံ့ပန်း”တွေကို ခေါ်ဆောင်ခဲ့ရာမှာ ပညာသည် အမျိုးမျိုးတို့ မြန်မာပြည်ကိုပါလာပြီး ဒီမှာတာဝန် အမျိုးမျိုးထမ်းဆောင်ကြရပြီး ယိုးဒယားရပ်ကွက် တွေ အစုအဝန်းတွေနဲ့ နေရာချထားပေးတယ်။ အဲဒီပညာသည်တွေထဲက သူတို့ ယိုးဒယားသီချင်း တချို့ (ရာမလက္ခဏ ဇာတ်ဝင်) ကို မြန်မာအသံနဲ့ ဖလှယ်ယူပြီး မြန်မာမှုပြုပါတယ်။

**လွင်** ။ ။ ဆရာမရဲ့ရှင်းလင်းချက်က သိပ်ကောင်း ပါတယ်။ ရှေးကတော့ ကိုလိုနီဆိုတဲ့ နယ်ချဲ့ကြတဲ့ခေတ်ကိုး။ ဒီမှာပဲ ယဉ်ကျေးမှုဖလှယ် ခြင်း၊ ကူးလူးဆက်သွယ်ခြင်းတွေ ရှိလာတာကိုးနော်။

**နန်း** ။ ။ ဟုတ်ပါတယ်၊ နာမည်ကျော် “ပန်းမြိုင်လယ်”ဟာ အထင်ရှားဆုံးပါပဲ။ ရာမဇာတ်လာသီချင်းတွေ အများအပြား ပေါ်ထွက်လာတယ်။ သီချင်းရေးဆရာ စာဆိုကြီးတွေကတော့ “ပြင်စည်မင်းသားကြီးနဲ့ မြဝတီမင်းကြီးဦးစ”တို့ဟာ ထင်ရှားပါတယ်။ ပြင်စည်မင်းသားကြီး တစ်ဦးတည်းကပဲ (ရွှေ၊ နှင်း၊ တော၊ မြိုင်၊ ပန်း၊ ခိုင်၊ မှော်၊ မှိုင်း)ဆိုတဲ့ ယိုးဒယားစစ်စစ်အသံတွေကို မြန်မာသို့ပြန်ဆိုပြီး မြန်မာမှုပြုထားတဲ့ ယိုးဒယား ရှစ်ပုဒ်ကို အထင်အရှားရှိနေပါတယ်။

**လွင်** ။ ။ အတိုကောက် မှတ်သားထားတာကို အပြည့်အစုံပြောပါဦးဗျာ။

**နန်း** ။ ။ ဟုတ်ကဲ့ –ရွှေဆိုတာ ရွှေတညာ
- –နှင်းဆိုတာ နှင်းယွန်းခါ ဟေမန်
- – တောဆိုတာ တောတောင်စွယ်
- –မြိုင်ဆိုတာ တောမြိုင်ခြေလမ်း
- –ပန်းဆိုတာ ပန်းမြိုင်လယ်
- –ခိုင်ဆိုတာ ခိုင်ပန်းစုံ
- –မှော်ဆိုတာ မှော်ရုံဟေဝန်
- –မှိုင်းဆိုတာ မှိုင်းမှုံပြာညို

ဒီသီချင်းတွေကတော့ ရာမလက္ခဏ သီတာဒေဝီ၊ ဒသဂီရိတို့ရဲ့ဇာတ်ထဲက ဇာတ်ဝင်သီချင်းတွေ များပါတယ်။ တချို့ကတော့ ကုန်းဘောင်ခေတ်မှာ မြဝတီမင်းကြီးတို့ စုဖွဲ့ရေးသားတဲ့ “အီနောင်” နန်းတွင်းဇာတ်ထဲက ဇာတ်ဝင်သီချင်းတွေလည်း ပါပါတယ်။

**လွင်** ။ ။ ယိုးဒယားသီချင်းတွေ ထဲမှာတော့ ပန်းမြိုင်လယ်နဲ့ မှော်ရုံဟေဝန်က အကျော်ကြားဆုံးနဲ့ ဇာတ်ပွဲတွေမှာ အသုံးအများဆုံး ပေါ့နော်။

**နန်း** ။ ။ ဟုတ်ပါတယ်။ ဂီတပညာ လေ့လာလိုက်စားသူတွေဟာ ပန်းမြိုင်လယ်ကို ရအောင်သင်ယူ တတ်ယူထားကြရပါတယ်။ ဒီသီချင်းက စာအရ၊ တီးကွက်တေးသွားအရ အလွန်ပြည့်စုံတာမို့ သူတစ်ပုဒ်ရထားပြီးရင် ကျန်သီချင်းတွေ သိပ်မခက်တော့ပါဘူး။

**နန်း** ။ ။ ရာမဇာတ်မှာအရေးပါတဲ့ သမင်လိုက်ခန်းကို နာမည်ကျော် မှော်ရုံဟေဝန် သမင်လိုက် ယိုးဒယားကို ရှုကြည့်နားဆင်နိုင်ပါတယ်။

**နန်း** ။ ။ ပြင်စည်မင်းသားကြီးနဲ့ မြဝတီမင်းကြီး တို့ဟာ ဘုရင့်အမိန့်နဲ့ ဒီ “ရာမာယန” ဇာတ်ကြီးဇာတ်ပို့ဆိုင်ရာဆိုင်ရာ တီးလုံးတီးချက်တွေကို ရေးသားဖန်တီးခဲ့ကြလို့ “မြန်မာရာမ”ဟာ ကမ္ဘာမှာ၊ အာဆီယံမှာ မျက်နှာပန်းလှခဲ့ပါတယ်။ ဒီပညာရှိကြီးတွေကို လေးစားသောအားဖြင့် နှောင်းလူတွေ၊ အနုပညာရှင်တွေက မူမပျက် ထိန်းသိမ်းကြရပါမယ်။

**လွင်** ။ ။ မှန်တာပေါ့ဗျာ။ ကျွန်တော်တို့မှာ ထိန်းသိမ်းရကျိုးနပ်ပြီး အခါသင့်လို့ ထုတ်ပြတဲ့အခါမှာလည်း အဆင့်အတန်းမြင့်တဲ့အဆို အတီး၊ အကအပြတွေ ပြည့်ပြည့်စုံစုံရှိနေတာ အလွန်ဂုဏ်ယူစရာပါ။

**နန်း** ။ ။ အဲဒီပြင်စည်မင်းသားရေး ယိုးဒယား ရှစ်ပုဒ်မှာ

ရွှေ – ရွှေတညာ

နှင်း – နှင်းယွန်းခါဟေမန်

တော– တောတောင်စွယ်အစရှိတာ တွေဟာ တစ်ပုဒ်ချင်း အဆို၊ အတီးအဓိပ္ပာယ် အလွန်သိမ်မွေ့နက်နဲတယ်ဆရာ။

**နန်း** ။ ။ ဒီရှစ်ပုဒ်က ယိုးဒယားဘာသာ ကနေ တိုက်ရိုက်ယူပြီး မြန်မာမှုပြုတယ်၊ ဒီရှစ်ပုဒ်အပြင် အခြားရာမဆိုင်ရာ သီချင်းတွေလည်း ရှိသေးတယ်။ ဥပမာ “ကြိုညိုစရာ”ဆိုရင် အရေးပါတဲ့ ဇာတ်ဝင်ခန်းဖြစ်တဲ့ သုဂျိတ်နဲ့ ဘာလီတို့ ထွက်တဲ့အခန်းမှာ ဆိုရ၊ တီးရတဲ့သီချင်း။ ရှေးကတော့ လူမကသေးဘူး အမြင့်သဘင်ဖြစ်တဲ့ “ရုပ်သေး”မှာ ဒီအခန်းဟာ သိပ်ကိုပရိသတ် ကြိုက်တဲ့အခန်းပေါ့။

**နန်း** ။ ။ နောက် နန်းသီဟိုဠ်ဆိုတဲ့ မှော်ပြန် ယိုးဒယားဆိုရင်လည်း ဘီလူးမ မိဂမ္မီကို သားနှစ်ယောက်နဲ့ နယ်ပယ်ကျယ်ဝန်းပုံပြတဲ့ အခန်းမှာ ဘီလူးမယိမ်း သို့မဟုတ် သားနှစ်ယောက်နဲ့ ဂမ္မီကို အော်ပရာအသွင်ပြကြတာ။

**လွင်** ။ ။ ရာမကတော့ အတော်စုံပြီဗျာ။ ကုန်းဘောင်ခေတ်ရဲ့ ယိုးဒယားအပိုင်းက ကျန်သေးလား။

**နန်း** ။ ။ ကျန်ပါသေးတယ်။ မင်းနေပြည် မန္တလေးကိုဖွဲ့တဲ့တေးတွေက ချန်ထားခဲ့လို့ မရအောင် ကောင်းကြတယ်၊ ကျက်သရေရှိကြတယ်။ အောင်မင်္ဂလာယိုးဒယား၊ စိန္တေကိုးသွယ် ဂုဏ်မြမန်းဂီရိ၊ ဝေဇယန္တာ၊ နန်းဘုံသီဟာဇဗွေ အများကြီးရှိတဲ့အထဲက သင်လို့လွယ်တဲ့ ‘မြမန်းဂီရိ’ ဆိုရင် အတီးသင်၊ အကသင် အလွန်ကောင်းပေါ့။

**လွင်** ။ ။ ယိုးဒယားထဲမှာ “လျှပ်ပန်းခွေနွဲ့”က အတော် လူကြိုက်များတယ်နော်။ ဒါလေးပြောပါဦးဗျာ။

**နန်း** ။ ။ ဟုတ်ကဲ့။ “လျှပ်ပန်း”ကို နန်းသိမ်း ယိုးဒယားလို့ အမည်တပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သီပေါမင်းနဲ့ စုဖုရားလတ်တို့ နန်းတက်ပွဲမှာ အချုပ်တန်းဆရာဖေက “ရေမီးထိန်လျက်” ဆိုတဲ့ နန်းသိမ်းယိုးဒယားကို ရေးသားဆက်သွင်းပါတယ်။ နန်းသိမ်းပွဲမှာ စိန်ဗေဒါကြီးရဲ့ ဖခင် နန်းတွင်းစိန်ဆိုင်းတော်တီး “ဆရာဖေ”ကြီးက အဆိုဒေါ်ခင်လေးနဲ့တွဲဖက်ပြီး အသုံးတော်ခံလို့ တစ်မူထူးတဲ့ နန်းသိမ်းယိုးဒယားဟာ လူကြိုက်များပြီး ရတနာပုံမြို့တော်မှာ ဟိုးဟိုးကျော်ခေတ်စားသွားပါတယ်။

ဒါကြောင့် နာခံတော် ဦးခြုံဆိုတဲ့ စာဆိုကြီးကလည်း သိကြားနဲ့အသူရာ စစ်တိုက်တဲ့ဟန်နဲ့ မိုးကိုဖွဲ့တဲ့“လျှပ်ပန်းခွေနွဲ့” ကို ရေးလိုက်ပါတယ်။ ဒါပေမဲ့ တေးသွားဟာ “ရေမီးထိန်လျက်” နန်းသိမ်း ယိုးဒယားကို လိုက်တာမို့ ဒီလျှပ်ပန်းကိုလည်း နန်းသိမ်းယိုးဒယားလို့ အမည်တပ်ပါတယ်။

စာမျက်နှာ ၁၇ သို့ ❁

# ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် (၂၀၂၃) ကျင်းပမည်

**စစ်တွေ အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်း ဒေသခံစွန့်ဦးတီထွင်စီးပွားရေး လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရည်ရွယ်ကျင်းပသည့် ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် (၂၀၂၃)ကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စီးပွားရေးဖိုရမ်တွင် ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရှင်များဖြစ်ကြသည့် ဦးတင်ဇံကျော်(Chairman, Device Business University – DBU)၊ ဦးထွန်းထွန်းနိုင် President, We Love Rakhine၊ Chairman & Group of CEO Blue Ocean Investment Co.,Ltd. နှင့် ဒေါ်ပန်းအိဖြူ (Chief Operating Officer, Myanmar Payment Solution Services Company)တို့က အဓိက ဟောပြောဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးပညာရှင်များနှင့် လူငယ်များက အနာဂတ် စီးပွားရေးအလားအလာများနှင့်ပတ်သက်သည့်စကားဝိုင်းဆွေးနွေးပွဲ သုံးခုကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် အခမ်းအနားကျင်းပမည့် ခိုင်သဇင်ခန်းမအတွင်း IT ဆိုင်ရာပစ္စည်းများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချသွားမည်ဖြစ်ပြီး ပညာရေးဝန်ဆောင်မှုများ၊ စာအုပ် အရောင်းဆိုင်နှင့် စာအုပ်ပြခန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်သည့် ပြခန်းများကို ထည့်သွင်းထားကာ မည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# လားရှိုးမြို့နှင့် မူဆယ်မြို့တို့တွင် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း

**လားရှိုး အောက်တိုဘာ ၂၀**

လားရှိုးမြို့တွင် MPT ၏ (၁၂)ကြိမ်မြောက် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက လားရှိုးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်နှင့် မူဆယ်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ်ခွဲတို့၌ ပြုလုပ်ခဲ့သည်။

စုပေါင်းသွေးလှူဒါန်းမှုတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မှ ဝန်ထမ်းများနှင့် ပြင်ပတို့မှ စေတနာရှင် သွေးလှူရှင် စုစုပေါင်း ၅၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မန်နေဂျာ ဦးမြတ်ဇင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် တာဝန်ရှိသူတို့က စေတနာသွေးလှူရှင်များကို သွားရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**




# ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ဆွေးနွေးပြောကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ခရိုင်ပညာရေးမှူးများက တင်ပြချက်များနှင့်ပတ်သက်၍ ကျောင်းများအားလုံး သန့်ရှင်းသပ်ရပ်စွာရှိရေး၊ ကျောင်းဆောင်များ အရည်အသွေးပြည့်မီစွာ စနစ်တကျရှိစေရေး ကွင်းဆင်းဆောင်ရွက်သွားကြရန်၊ အခြေခံစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ သင်ထောက်ကူပစ္စည်းများဖြင့် အသုံးပြုပြသစေရေး စသော အချက်အလက်များကို ဆွေးနွေးပြောကြားခဲ့သည်။ ဌာနမှ ထောက်ပံ့ပေးသည့် ပညာရေးဝန်ထမ်းများအတွက် ထုတ်ပေးသော အိမ်ငှားစရိတ်များအပြင် ကျေးရွာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်ချက်အပေါ် ဆောင်ရွက်ထားရှိမှုများကို ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ ကျောဖုံးမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မိုင်းဟိန်း(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ တမလန်း၊ ပိတောက် စသည့် အဖိုးတန်သစ်မျိုးများနှင့် အင်၊ ကညင်၊ မအူ၊ ထောက်ကြံ့၊ ဖန်ခါး၊ သစ်ဆိမ့်၊ မျောက်ငို၊ လက်ပံ၊ ဇင်ပွန်း၊ တောသရက်၊ တောင်တမာ၊ ဖန်ခါး၊ သပြေ စသည့်သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ ဆတ်၊ ပြောင်၊ တောဝက်၊ ဒေါင်း၊ တောကြက်၊ ရှဉ့်မျောက်၊ တောကြောင် စသည့်တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို**
**တတ်နိုင်သမျှ လျှော့စားစို့**

# ကွမ်းခြံကုန်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့်ငါးလုပ်ငန်းအပေါ် ကြုံတွေ့နိုင်မှုအား ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ရန်ကုန် အောက်တိုဘာ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ရင်ဆိုင်ကြုံတွေ့နိုင်မည့်အခြေအနေများအား ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက်က ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာ၊ကံလျှားရှည်ကျေးရွာများ၌ ကျင်းပသည်။



ဦးစွာ ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရင်ရှိန်က ငါးပုစွန်၊ ကဏန်းမွေးမြူသူ တောင်သူများ၊ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သည့် ရေလုပ်သားများအား အယ်လ်နီညိုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ အယ်လ်နီညိုဖြစ်ပွားချိန်တွင် လုပ်ငန်းများဆောက်ရွက်ခြင်းနှင့် အယ်လ်နီညိုဖြစ်ပွားပြီး နောက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ စီမံဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ငါးပုစွန်၊ကဏန်းမွေးမြူသူတောင်သူများ၊ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သည့် ရေလုပ်သားများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးရင်ရှိန်က ပြန်လည်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# ငါးကဏ္ဍ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ မတည်ရန်ပုံငွေများ ထုတ်ချေး

**သံတွဲ အောက်တိုဘာ ၂၀**

ငါးကဏ္ဍ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် သံတွဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ မတည်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ရွှေက စီမံကိန်းဆိုင်ရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သံတွဲမြို့နယ် ငပလီမြို့ လင်းသာရပ်ကွက်နှင့် လုပ်ငန်းရှင်များအစုအဖွဲ့မှ ရန်ပုံငွေကြီးကြပ်မှုကော်မတီများအား မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ) မှ သံထည်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၇-၁၁-၂၀၂၃ ရက် နေ့တွင် တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| က။ | သံထည်ပစ္စည်း | ၁၄ မျိုး | ၇-၁၁-၂၀၂၃ | ၁၂:၀၀ | ၇-၁၁-၂၀၂၃ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အထွေထွေစီမံခန့်ခွဲရေးဌာန ဖုန်း- ၀၉-၂၅၄၂၂၉၉၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

၁။ GRGI Company Limited မှ ရန်ကုန်မြို့၊ မှော်ဘီမြို့ နယ်တွင် ၂,၀၀၀ပေ x ၂၀ပေ လမ်းအား အောက်ခံမြေဖို့ခြင်း၊ ဂဝံမြေဖို့ခြင်း၊ သံကူကွန်ကရစ်ခင်းခြင်း လုပ်ငန်းအတွက်ချိတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကိုခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း - 09-421112295 သို့ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ အထက်ပါလုပ်ငန်းအတွက် ချိတ်ပိတ်ဈေးနှုန်း တင်သွင်းလွှာ များကို Detail Specifications များနှင့်တကွ Chief Finance Officer၊ အမှတ် (၃၃) ၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတဆင့်သော် လည်းကောင်း (၃- ၁၁- ၂၀၂၃) ရက်နေ့ နောက်ဆုံး ထား၍ ပေးပို့နိုင်ပါသည်။

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/ရပ်ကွက်၊ ဇေယျာဝတီ (၄)လမ်း၊ အမှတ် (၂၁၇၄/ခ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၂၁၇၄/ခ)၊ ဒေါ်သန်းခင် (TKA-၀၀၃၈၃၆)၏ အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ၏ အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်ကြသည့် (၁) ဒေါ်သန်းသန်းစု [၁၂/သကတ(နိုင်) ၀၁၅၀၀၆]၊ (၂) ဦးအေးကိုမြင့် [၁၂/သကတ(နိုင်)၀၁၄၅၇၀]၊ (၃) ဦးသန်းဝင်း [၁၂/သကတ(နိုင်)၂၂၆၃၉၇]၊ (၄) ဒေါ်အေးအေးစိုး [၁၂/သကတ(နိုင်)၀၁၁၀၉၅] တို့မှ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဇင်အောင် [၁၂/သကတ(နိုင်)၁၅၄၃၅၇]က ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောအထောက် အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဇမ္ဗူသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၈၁၈၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရဲလင်းစိုး [၁၂/ဗတထ (နိုင်) ၀၃၃၄၉၄] CDC-53784 ၏ 3/E RESULT SHEET ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph: 09-428111673**

## အမည်ပြောင်း

ဦးမျိုးဇော်ဝင်း+ဒေါ်အိဖြူဇင်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ အ.ထ.က (ထန်းတပင်)ကျောင်း၊ Grade-4 မှ မောင်အောင်မျိုးဇင်အား မောင်အောင်ခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ခန့်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ အောင်မိုးဟိန်းလမ်း၊ မြေကွက်အမှတ် (၃၄၇/ခ)၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးကြည်သာဦး [၉/မခန(နိုင်)၁၆၂၅၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်တင်တင်ချို [၁၂/သဃက(နိုင်)၀၂၀၃၆၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁ ၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ သခင်ဘစိန်လမ်း၊ မြေကွက်အမှတ် (၆၀၈)၊ မြေအကျယ်အဝန်း (၄၄ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၆၁)ဧက၊ (၂၆၄၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးလှကြည်(AA-၀၄၄၄၆၁)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏သားသမီးများဖြစ်ကြသော **ဦးဝင်းအောင် [၁၂/စခန(နိုင်) ၀၁၀၀၀၆၈]+(၄)တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၇၉၃၉/၂၀၂၃)**ဖြင့် အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ၎င်းတို့ထံမှ **ဒေါ်ခင်ဇာလွင် [၁၂/ဥကတ(နိုင်)၁၅၇၄၆၇]**သည် **"နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံအနောက် (၅)လမ်း၊ မြေကွက်အမှတ် (၁၀၄၇/ခ)၊ အကျယ် (၂၀ပေx၆၀ပေ)ရှိသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၅)ထပ်တိုက်မှ အကျယ် (၁၈ပေx ၅၄ပေ)ရှိ **မြေညီထပ် (ထပ်ခိုးပါ)**တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား နောက်ဆုံးလက်ဝယ်ထားလက်ရှိပိုင်ဆိုင်သူ ဒေါ်နန်းမွန်လှိုင်း [၁၃/ကတန(နိုင်) ၀၈၅၄၂၂] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နှင်းဝတ်ရည် [၁၂/သကတ(နိုင်) ၁၅၃၂၈၅] မှ (စရန်ငွေ)တစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းတိုက်ခန်းပိုင်ဆိုင်မှု၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝတ်ရည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး(LL.B)၊ တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၉၉၈)**
**ဖုန်း-၀၉၄၄၂၉၁၂၂၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် အထက်မန္တလေးလမ်းကြား၊ အမှတ် (၁၃၇) ၊ ကန်တော်ကြီးရိပ်မွန်အဆင့်မြင့်အိမ်ရာ ၊ အဆောက်အဦအမှတ် (Y-1 ) အတွင်းရှိ အခန်းအမှတ်(1002)ဟု ခေါ်တွင်သော တိုက်ခန်းများနှင့် တိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ Mother Construction Co., Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား ဒေါ်ကြည်မြင့်သွင် [၁၂/ဗဟန(နိုင်)၀၇၂၄၄၈] မှ လက်မှတ်ရေးထိုးလျက်) မှ ၎င်းတို့သာ ပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမောင်မောင်အေး [၉/မဟမ(နိုင်)၀၀၀၀၈၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင်**
**LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)**
**အမှတ် (၉၇၇)၊ အင်းဝ(၈)လမ်း၊ (၆)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-880888317, 09-692214348**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အေးသာယာကျေးရွာ ချိုပုလမ်း၊ အိမ်အမှတ် (၁၆)နှင့် (၁၆၃)၊ ဧရိယာအကျယ်အဝန်း (၈၀ပေx ၆၀ပေ) ရှာမြေဟုခေါ်တွင်သော ဦးမောင်ထွေး အမည်ပေါက် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသော ဦးပြည့်စုံဝင်း [၈/မသန(နိုင်)၁၆၆၆၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းမြတ်ဆွေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၁၀၃)**
**အမှတ်- ၂/၁ (မြေညီ)၊ သီရိမင်္ဂလာလမ်း၊**
**အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉/အေ)လမ်း၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၀၀၂) မြေညီထပ်အား ဦးမျိုးဦး (အက်ဘီအို-၁၆၁၁၅၉)ထံမှ အရောင်းအဝယ် စာချုပ်ဖြင့် ပြန်လည် ဝယ်ယူထားသူ ဒေါ်လီလီဆန်း [၄/ထတလ(နိုင်)၀၂၀၉၄၁]က ၎င်းအမည် ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထား လာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာ ပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ(၂)လမ်း၊ တိုက်အမှတ်(၉)၊ (၂)ခန်းတွဲ၊ (၄)ထပ်တိုက်ရှိ ပထမထပ် (ဘယ်/ခေါင်းရင်းခန်း)တိုက်ခန်း အပါအဝင် ယင်းနှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ၁။ ဒေါ်မေသန္တာဝင်း [၁၂/ဒလန(နိုင်)၀၀၁၂၀၅]၊ ၂။ ဒေါ်မေဇင်ဇင်ဝင်း [၁၂/ဗဟန(နိုင်)၀၉၈၈၈၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပျောက်စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေလက်ခံထားကြပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇေယျာအောင်(LL.B), DBL, DCBL (City of Oxford College)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၆၃)**
**အမှတ်(၈)၊ အခန်း(၅-B)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၀၅၂၇၂၆၃၊ ၀၉-၇၉၃၂၇၀၄၈၉**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာအမျိုးသားလေကြောင်းမှ ရုံးသုံးစက်ကိရိယာ ပစ္စည်းအဟောင်း (၁၇)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း အဟောင်း (၉)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများအနေဖြင့် အမှတ် (၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့ရှိ မြန်မာအမျိုးသား လေကြောင်းသို့ (၁၀-၁၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**၀၉-၅၀၇၀၉၃၅**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြို့သစ်(၁)၊ ဗိုလ်လရောင်လမ်း၊ မြေကွက်အမှတ် (၂/၁၂၆၄) ပါမစ် မြေကွက်နှင့် ပတ်သက်၍ အမည်ပေါက်ဒေါ်သီတာလှ (ဘ) ဦးစိန်ဖေမှ ဒေါ်ခင်စန်းမြင့် (ဘ) ဦးထွန်းရီအား အထူး ကိုယ်စားလှယ်လွှဲစာကို (၁၃-၁၀-၂၀၂၃)တွင် ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ပေးအပ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်စန်းမြင့်
[၁၂/ကမတ(နိုင်)၀၀၃၄၂၇]

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၂၂)
### မရမ်းကုန်းခရိုင်တရားရုံး

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၅၆ နှင့်ဆက်နွှယ်သည့်
၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၀၆

| | | |
|---|---|---|
| ဦးစိုးမြင့် | နှင့် | ၁။ ဒေါ်လှလှဝင်း<br>၂။ ဦးသန်းဝင်း |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ် (၁၃)ရပ်ကွက်နေ (၁)တရားရှုံး ဒေါ်လှလှဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ (၂/၁)စံပြရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၃၀၅)နေ (၂)တရားရှုံး ဦးသန်းဝင်း (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားကြီးမှုအမှတ်- ၃၅၆ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုးမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၂ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက် ရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးကိုဓဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀
### မင်္ဂလာဒုံခရိုင်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၇

| | | |
|---|---|---|
| ရိုးမဘဏ်လီမိတက် (၎င်း၏<br>ကိုယ်စား ဘဏ်ခွဲမန်နေဂျာ<br>ဒေါ်ဥမ္မာမျိုး) | နှင့် | ၁။ ဦးခိုင်ရဲဝင်း<br>၂။ ဒေါ်စိုးစိုးနွယ်<br>၃။ ဦးထွဋ်အောင်ဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အမှတ်- ၈၂/၃၀၊ ခတ္တာလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁- တရားပြိုင်) ဦးခိုင်ရဲဝင်း၊ (၂-တရားပြိုင်) ဒေါ်စိုးစိုးနွယ်၊ (၃-တရားပြိုင်) ဦးထွဋ်အောင်ဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"(၁၅-၈-၂၀၂၃)ရက်နေ့အထိ ပေါ်ပေါက်သည့် ချေးငွေအရင်း+အတိုး+ ဒဏ်ကြေး+စရိတ်များ စုစုပေါင်း ကျပ် (၁၃၄၈၅၄၇၆၉.၆၀) (သိန်းတစ်ထောင့်သုံးရာလေးဆယ့်ရှစ်သိန်းငါးသောင်းလေးထောင့်ခုနစ်ရာ ခြောက်ဆယ့်ကိုးကျပ်ခြောက်ဆယ်ပြား တိတိ)အတွက် ချေးငွေရလိုမှု"** လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုမိုအေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၅-ဒီ)၊ မြေကွက်အမှတ် (၅၀-စီ/၈-အေ^၁)၊ (၀.၁၇၃ ဧကေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၉၀)၊ ငွေကံ့ကော်ကွန်ဒို၊ အခန်းအမှတ်(၄၀၁)၊ (တတိယထပ်)၊ ၄- လွှာ(ဝဲ)၊ (၂)ခန်းတွဲ၊ (၁၂) ထပ်တိုက်၊ အကျယ်အဝန်း (၃၀ပေx ၆၇ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါက်တာကြည်ကြည်ဝင်း [၁၀/မလမ (နိုင်)၀၀၉၉၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများ ဦးစိုးထက် [၁၂/မဂဒ (နိုင်) ၁၅၆၃၆၆] နှင့် ဒေါ်စုမြတ်မွန် [၁၂/အစန (နိုင်) ၁၉၃၅၃၇]တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းပေါ်ရှိ စံပယ်ဖြူအိမ်ရာ၊ Building (A)၊ (A-1005)၊ 10th Floor၊ အကျယ်အဝန်း (၁၅၀၃ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်းဖွင့်ဟပြောဆိုဝန်ခံသူ High Top Construction ၏တာဝန်ရှိသူများဖြစ်သည့် ဦးအေးသိန်း [၁၂/မဂတ(နိုင်)၀၁၆၁၂၆]၊ ဦးအောင်ထွေး [၁၂/မဂတ(နိုင်)၀၇၇၂၂၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးစိုးရန်နိုင် [၁၂/သလန(နိုင်)၀၈၃၆၅၈]နှင့် ဒေါ်ဝေနွယ်သန်း [၁၂/သလန(နိုင်)၀၈၂၅၈၅]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၁)လမ်း၊ အမှတ်(၃၆၇)ရှိ (၂)ခန်းတွဲ RC (၆)ထပ်တိုက်မှ မြေညီထပ်(ထပ်ခိုးပါ)၊ (မျက်နှာမူလျှင်-ဝဲဘက်)အခန်း၊ ဧရိယာ(၄၉၄.၅) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခိုင်ခိုင်မော် [၁၁/တကန(နိုင်)၀၅၇၃၈၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးရဲလင်းထိုက် [၈/ပခက (နိုင်)၂၉၆၀၆] နှင့် ဒေါ်သန်းမြင့်မြတ်စိုး [၇/သဝတ(နိုင်)၁၁၅၀၄၂]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲလင်းထိုက်နှင့် ဒေါ်သန်းမြင့်မြတ်စိုး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၀၂၃/က)၊ ဧရိယာ(၀.၀၂၇)ဧက၊ အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၂၃/က)၊ မာန်ပြေ(၄) လမ်း(အရှေ့)၊ (၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်သည် မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်နေပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းရီ [၁၂/သကတ(နိုင်)၀၀၃၀၀၄] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးကောင်းဆက် [၁၂/ဥကမ(နိုင်)၂၅၇၀၃၁]၊ ဦးဌေးပန် [၅/ရဥန(နိုင်)၀၀၀၁၇၅] နှင့် ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကမ(နိုင်)၁၃၃၂၅၉] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းဆက်၊ ဦးဌေးပန်နှင့် ဒေါ်မြင့်မြင့်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LLM)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ပဲခူးမြို့၊ ဆံတော်တွင်းလမ်း၊ နန်းတော်ရာရပ်ကွက်၊ အမှတ် (၁၆၁၂)တွင် နေထိုင်သော ဦးထွန်းထွန်းဝင်း [၇/ပခန (နိုင်)၂၁၅၃၈၇]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်-







**စာချုပ်အမှတ်- ၈၄၉၃ /၂၀၂၃ (နေ့စွဲ-၂၅-၉-၂၀၂၃) စာချုပ်အမှတ်- ၈၄၉၂ /၂၀၂၃ (နေ့စွဲ-၂၅-၉-၂၀၂၃)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် စားသောက်ဖွယ်ရာများချက်ပြုတ်ရာတွင် အသုံးပြုရသော ဟင်းခတ်မှုန့်များဖြစ်သည့် အချိုမှုန့်အမျိုးမျိုး၊ ကြက်သားမှုန့်အမျိုးမျိုး၊ အရသာမှုန့်အမျိုးမျိုး၊ မဆလာအမျိုးမျိုး၊ ငရုတ်ကောင်းအမျိုးမျိုးနှင့် အခြားဟင်းခတ်အမွှေးအကြိုင်အမျိုးမျိုးတို့အား မိမိကိုယ်တိုင်ထုတ်လုပ်၍ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချခြင်း၊ Online မှတစ်ဆင့် ရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍အဆိုပါအမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ဟေမာန်ဦး(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၄၆၉)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ (၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ကျွန်းတော(အလယ်)ရပ်ကွက် ဗျာပုံလမ်း၊အမှတ်(၃၀)ဟုခေါ်သည့်(၂)ခန်းတွဲ(၆)ထပ် ကန်ထရိုက်တိုက်၏(ဒုတိယထပ်/၃-လွှာ)(ခြေရင်းခန်း၊ ယာဘက်)အကျယ်အဝန်း(၁၂½ × ၅၀)ပေရှိတိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါတိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ-စိုင်းအွန်ခမ်း(၁၃/မဆတ(နိုင်)၀၅၅၇၇၉)က အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်မောင်(၁/မညန(နိုင်)၁၂၉၄၈၅)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)** |
| **Ph-09 253995848 , 09-798420119** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၊ လူနေရပ်ကွက် အမှတ်- ၈၊ သမိန်ဗရမ်းလမ်း၊ မြေကွက်အမှတ်- ၁၁၉(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးကျော်တင့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော ပါမစ်မြေအမျိုးအစားအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးကျော်တင့်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးပြည်သိမ်းကျော် [၁၂/ရပသ(နိုင်)၀၆၇၇၈၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဦး [၁၂/အစန(နိုင်)၂၂၁၄၇၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဇင်မာဦး** | **ဒေါ်ခင်မာလွင် (LL.B, D.B.L)** |
| **[၁၂/အစန(နိုင်)၂၂၁၄၇၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၂၂၄၊ တောင်ငူလမ်း၊** | **အမှတ်- ၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။** | **ရွှေပြည်သာ။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ လူနေရပ်ကွက် အမှတ်- ၁၁၊ ထော်ပိုင်လမ်း၊ မြေကွက်အမှတ်- ၄၅၄(က)၊ အကျယ် ပေ(၂၀x၆၀)ရှိ ဦးစံအောင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေ၏ ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးစံအောင်နှင့် ဇနီးဖြစ်သူ ဒေါ်တင်လှတို့မှာ အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများဖြစ်သော ဦးမြင့်ဇော်ဦး [၁၂/အစန(နိုင်)၀၁၇၈၃၁]၊ ဒေါ်လှလှဦး [၁၂/အစန(နိုင်)၀၀၇၈၃၀]နှင့် ဦးဝင်းဇော်ဦး [၁၂/ရပသ(နိုင်)၀၃၃၈၈၃]တို့မှ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုရောင်းချမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေမော် [၁၂/အစန(နိုင်)၁၈၈၂၂၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို (၁၄)ရက်အတွင်း ပိုင်ဆိုင်ခွင့်အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဝေဝေမော်** | **ဒေါ်ခင်မာလွင် (LL,B,D,B.L)** |
| **[၁၂/အစန(နိုင်)၁၈၈၂၂၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၉၄၆၊ အောင်မင်္ဂလာ(၂)လမ်း၊** | **အမှတ်- ၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **ရွာမအရှေ့ရပ်ကွက်၊** | **(၅)ရပ်ကွက် ရွှေပြည်သာ။** |
| **အင်းစိန်မြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## "တိုက်ခန်းဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းသူ [၁၄/မမက(နိုင်) ၁၉၀၇၅၇]သည် **"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်(၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃½)ထပ်အဆောက်အဦ၏ (မြေညီထပ်/ခေါင်းရင်းဘက်ခြမ်း) ဟုခေါ်တွင်သော အကျယ် (၁၇x၅၀)ပေရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင် အမွေဆက်ခံပိုင်ဆိုင်သူဖြစ်သော "ဒေါ်အေးမိစံ [၁၂/မရက(နိုင်)၀၂၃၂၀၄]"ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်- ၃ /၂၀၂၃
## ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း( ၅ )ရက်
## ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ( ၁၉ )ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | **နည်းပြ(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)** | | |
| | (စိုက်ပျိုးရေး) | (၁၀၂)နေရာ | B.Agr.Sc ဘွဲ့ရ |
| | (မွေးမြူရေး) | (၁၀၂)နေရာ | B.V.Sc/B.A.Sc/ Doctor of Veterinary Medicine(D.V.M)ဘွဲ့ရ |
| (၂) | **ဒုတိယနည်းပြ(၁၉၈၀၀၀-၂၀၀၀- ၂၀၈၀၀၀)** | | |
| | (စိုက်ပျိုးရေး) | (၁၀၂)နေရာ | B.Agr.Sc ဘွဲ့ရ |
| | (မွေးမြူရေး) | (၁၀၂)နေရာ | B.V.Sc/ B.A.Sc/ Doctor of Veterinary Medicine(D.V.M)ဘွဲ့ရ |
| (၃) | **ဒုတိယလက်ထောက်ဦးစီးမှူး(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (ကွင်းဆင်းလက်ထောက်)** | | |
| | (စိုက်ပျိုးရေး) | (၅၁)နေရာ | B.Agr.Sc ဘွဲ့ရ/Dip.Agri အောင်လက်မှတ်ရ |
| | (မွေးမြူရေး) | (၅၁)နေရာ | B.A.Sc ဘွဲ့ရ/Dip.AH (မွေးမြူရေးဒီပလိုမာ) အောင်လက်မှတ်ရ |
| | **စုစုပေါင်း** | **(၅၁၀)နေရာ** | |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) (၃၁-၁၀-၂၀၂၃)ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
( ဂ ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
( င ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ (၁၀-၁၁-၂၀၂၃)ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်။
(က) အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
( ခ ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအနီရောင် လိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
( စ ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ် (၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အမှတ်စဉ် (၁)နှင့်(၂) ရာထူးများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို (၁၇-၁၁-၂၀၂၃)ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၁၈-၁၁-၂၀၂၃) | (၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) |
| ( ခ ) | အထွေထွေဗဟုသုတ | (၁၈-၁၁-၂၀၂၃) | (၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ) |
| ( ဂ ) | အင်္ဂလိပ်စာ | (၁၉-၁၁-၂၀၂၃) | (၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ ) |

၇။ အမှတ်စဉ်(၃) ရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစစ်ဆေးခြင်းကို နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ယင်းရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို (၁၈-၁၁-၂၀၂၃)ရက်နေ့ (နံနက် ၁၀:၀၀ နာရီ)၌ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သော (၂)နာရီမေးခွန်းဖြင့် ဖြေဆိုရမည်ဖြစ်သည်။

၈။ ယင်းရာထူးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၇-၁၁-၂၀၂၃)ရက်နေ့၌ တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ် (၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ လည်းကောင်း ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၉။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည် ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန **Website www.doa.gov.mm/doa** နှင့် အပိုဒ်(၁၀)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၀၃၂၅/ ၀၆၇-၃၄၁၀၅၁၇/၀၆၇-၃၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၁၆၃၃)၊ မြေကွက်တည်နေရာအမှတ်(၁၆၃၃)၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးချစ်မောင်[၉/မရမ(နိုင်)၀၂၉၁၂၉](AB-၀၈၇၃၁၉) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးချစ်မောင်(ဖခင်)သည်(၂၄-၃-၂၀၀၃)ရက်တွင် လည်းကောင်း၊ မိခင် ဒေါ်သိန်းမေသည်(၂၃-၅-၁၉၈၉)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့်သမီးများဖြစ်ကြသော ဒေါ်တင်တင်အုန်း [၉/မရမ(နိုင်)၀၂၄၄၅၅]၊ဒေါ်ဌေးဌေးရီ [၉/မရမ(နိုင်)၀၁၆၀၂၀]၊ ဒေါ်မာမာအေး[၉/မရမ(နိုင်)၀၁၆၀၁၉]တို့ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူဒေါ်မြမြခိုင် [၁၂/သကတ(နိုင်)၀၄၀၆၄၇]မှ မှတ်ပုံတင်စာရင်း မဝင်ထားသည့်ခာတ်ပုံမှတ်တမ်းနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်စာရွက် သာပါရှိသည့် ပါမစ်မပြည့်စုံ၊ သားသမီးများတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၄၁၆/၂၀၂၂(၁၃-၁၂-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်ဆူးကြိုးကာရံထားပြီး လျှောက်ထားသူမှ ကွင်းဆင်းပုံစံပေါ်တွင် သိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဒေါ်မြမြခိုင်မှ ပါမစ်မပြည့်စုံတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မဓိဌာန်ကျောင်းလမ်း၊ အမှတ်(၁၂၈၁/ခ)၊ မြေအကျယ်အဝန်း (၃၀ပေx ၅၆ပေ)ရှိ ဦးမြင့်ခိုင် အမည်ပေါက် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ ကန်ထရိုက်တိုက်အဆောက်အဦ၏ မြေညီထပ်၊ (ခေါင်းရင်းဘက်ခြမ်း)တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုလက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ခိုင် [၁၂/သဃက(နိုင်)၀၉၆၃၇၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြတ်သန္တာဇော် LL.B, D.IT**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၂)**
**အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၄၁၂၂၊ ၀၉-၇၉၆၃၄၅၃၈၈**

## လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း၊အမှတ်-၅၁၊ အကျယ်ပေ (၂၅x ၅၀)ရှိ မြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ (၅)ထပ်တိုက်၏(၄)လွှာ(ခေါင်းရင်းခန်း) တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းအား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သင်းမာလာရွှေ [၁၂/လမန(နိုင်)၁၃၇၇၈၆] ကိုင်ဆောင်သူတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းဝင်း [၁၁/စတန(နိုင်)၀၀၇၄၈၈] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသိန်းဝင်း** | **ဒေါ်အေးသန္တာစိုး( LL.B )** |
| **[၁၁/စတန(နိုင်)၀၀၇၄၈၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)** |

**အမှတ်- ၂၀၄(က)၊ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၀၄၆၅၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်-(၃၆/က၂)၊ မြေအမျိုးအစား – မြေပိုင်မြေ လ/န ၃ (ခ)၊ ဧရိယာ (၀. ၄၅၈)ကေပေါ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်- (င/၂၅၃)ဟု ခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ဝယ်ထား အမည်ပေါက်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ မြေပိုင်ရှင် ဦးသန်းဆွေ [၁၂/သဃက(နိုင်)၀၄၆၅၁၈] နှင့် ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာဖြစ်သူ ဦးလှဝင်း [၁၂/ဗဟန (နိုင်)၀၈၉၈၁၇]တို့မှ အထက်ဖော်ပြပါမြေကွက်ပေါ်တွင် ကွန်ဒိုစနစ်အရ (၁၈) ထပ် အဆောက်အအုံအသစ် တည်ဆောက်နိုင်ရန်အတွက် နှစ်ဦးသဘောတူကြပါသည်။ ထိုသို့ နှစ်ဦးသဘောတူညီပြီး ကန်ထရိုက်တာမှ မြေရှင်ဖြစ်သူသို့ အဆောက်အအုံသစ်တည်ဆောက်ရန် အလိုက်ငွေအဖြစ် ငွေပေးငွေယူပေးအပ်ခြင်း စာချုပ်ချုပ်ဆို၍ အလိုက်ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအဆောက်အအုံသစ်ဆောက်လုပ်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ခိုင်လုံသော စာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သက်ဆုလွင်မောင် ( LL.B )** | **ဒေါ်မေမီစော ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၆၆၄)** | **(စဉ်-၁၈၂၆၃)** |

**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၅၀၀၉၈၉၃၊ ၀၉-၄၂၃၇၂၄၈၂၄**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖေါရ်မိန်(ခ)ဒေါ်သီတာ [၁၂/ပဇတ(နိုင်)၀၄၀၃၂၉]သည် ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်ရှိ ကာမာလ်ဘီဒီကုမ္ပဏီ ပိုင်ရှင်ဖြစ်သောဦးအဒူမူနာဖ်နှင့် ဒေါ်ရူဟာရ်ဂျာန်တို့မှမွေးဖွားသော သားသမီး (၇)ဦးအနက် (၆)ယောက်မြောက် သမီးတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ မိဘများပိုင်ဆိုင်ခဲ့သော မောင်းတောမြို့နယ်ရှိလယ်မြေ၊ ကန်မြေ၊ အုန်းခြံ၊ ခြံမြေ၊ ဘဏ်အပ်ပစ္စည်း၊ ကား၊ စက်ရုံမြေ၊ ဆိုင်ခန်းများစသည့်ပစ္စည်းများအား ရောင်းချရငွေနှင့် ရွှေငွေလက်ဝတ်ရတနာပစ္စည်းများကို ကျွန်ုပ်၏ မိတ်ဆွေအနေဖြင့် ယနေ့အချိန်ထိ မိဘများ၏အမွေပစ္စည်းများကို တစ်ပြားတစ်ချပ်မျှရယူခံစားခဲ့ခြင်းလုံး၀(လုံး၀)မရှိခဲ့ပါ။ ကျွန်ုပ်၏မိတ်ဆွေရသင့်ရထိုက်သောမိဘများ ၏အမွေပစ္စည်းများကိုကျွန်ုပ်မိတ်ဆွေ၏ ချစ်လှစွာသော မောင်နှမအားလုံးကို အစ္စလာမ်တရားတော် (ရှရိယာတ်တရားတော်)နှင့်အညီ ရယူနိုင်ရန် ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခွန်သူရိန်အောင် (LL.B)** | **ဦးချမ်းငြိမ်းအောင် (LL.B)** |
| **( စဉ်- ၅၅၆၃၄ )** | **( စဉ်- ၅၄၄၈၃ )** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၁၀/၁၂၊ အခန်း(၁၀၂)၊ (ပထပ်)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၈၀၄၂၆၃၅**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)**

**မရမ်းကုန်းခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂ နှင့် ဆက်နွယ်သည့်**

**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၃၀**

| | | |
|---|---|---|
| ဦးကျော်ကျော် } | နှင့် | { ၁။ ဒေါ်အေးအေးသော်<br>၂။ ဦးကိုကိုနိုင် |
| **(တရားနိုင်)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်-၁၇ နေ ဒေါ်အေးအေးသော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် ( ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "အများသိစေရန် ကြော်ငြာခြင်း"

ကျွန်ုပ်အမှုသည် ဒေါ်ကျင်မေ[၁၂/ဗဟန(နိုင်)၀၃၄၇၈၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

လူကြီးမင်း ဒေါ်သီတာမြိုင်သည် ကျွန်ုပ်အမှုသည်၏သမီးဖြစ်ပြီး မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမြဲပြုမူဆောင်ရွက်နေသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကျင်မေ** | **ဦးတင်ထွန်းလှိုင်(LL.B)** |
| **[၁၂/ဗဟန(နိုင်)၀၃၄၇၈၀]** | **အထက်တန်းရှေ့နေ** |
| | **စဉ်-၅၃၀၈၉(၃၀-၆-၂၀၂၀)** |
| | **အမှတ်(၂၁၂/က)၊မန္တလေးလမ်း၊** |
| | **(၆/၉)ရပ်ကွက်၊ ရွှေပြည်သာ** |
| | **မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-403421960** |

## အများသိစေရန်ကြေညာခြင်း

ဦးအောင်ကျော်မိုး [၈/စကန(နိုင်)၁၄၁၄၅၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးကျင်ရွှေ အမည်ပေါက်သည့် မြေချစလစ်မြေဖြစ်သော"ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ နဝဒေးလမ်း၊ ရေအုပ်ကန်ကျေးရွာ၊ မြေကွက်အမှတ်-(၄၆၈)၊ မြေဧရိယာ(၂၀x၆၀)ပေ (၁၂၀၀)စတုရန်းပေရှိ မြေနှင့်မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ဦးစိန်ညွှန့်မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်ဆန္ဒရှိသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မိုးမှ စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပိုင်ရေးပိုင်ခွင့်ရှိပါက ဤကြေညာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဦးယဉ်အောင်(LL.B, D.I.L)** | **ဒေါ်ပိုးအိစံ(LL.B, D.I.L)** | **ဒေါ်အေးအေးဆက်(LL.B)** |
| **(စဉ်-၁၄၄၁၅/၂၀၁၈)** | **(စဉ်-၁၆၈၀၄/၂၀၂၀)** | **(စဉ်-၁၆၆၂၇/၂၀၂၀)** |

**အမှတ်(၁၅၅/၁၅၇/၁၅၉)၊ (၃၇)လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးဣဿရိယ

### သက်တော်(၆၇)နှစ်၊ ဝါတော်(၄၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်း ရပ်ကွက်၊ ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဦးဣဿရိယ သည် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်) ၁၈-၁၀-၂၀၂၃ ရက် ညနေ ၆:၃၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၁၀-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးညာတိများ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

စံပြဆေးရုံ(သင်္ဃန်းကျွန်း) မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။

**ဘုရားသုံးဆူ စာသင်တိုက်ဆရာတော်နှင့်**
**တပည့်သံဃာတော်များ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေဝါမြေလမ်း၊ အမှတ်(၂၂၅/၅၉)၊ တတိယထပ်(ခေါင်းရင်းခြမ်း)ဟု မှတ်သားတည်ရှိသော အကျယ်အဝန်း (၁၂ ½ ပေx ၄၅ပေ) တိုက်ခန်းအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီးနောက် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုဝန်ခံသူ ဒေါ်စိုးမေ [၁၁/စတန(နိုင်)၀၅၂၄၄၁] ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့်မည်သူမဆို ခိုင်လုံသော စာမှတ်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ကျော်(ဥပဒေဘွဲ့) (စဉ်-၅၂၃၄၅)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၁၀ ညောင်တပင်ကွင်း၊ ကြာကန်စု ပဒဲကော ကျောက်အိုင်လမ်းမကြီးပေါ်ရှိ လယ်(ဥယျာဉ်)မြေအမျိုးအစား ဦးပိုင်အမှတ် ၇၀/၁၊ ဧရိယာ(၂.၉၃) ဧက နှင့် ဦးပိုင်အမှတ်-၇၃/၃၊ ဧရိယာ-(၄.၁၀) ဧက အတွင်းမှ ခန့်မှန်းဧရိယာ (၄) ဧက နှင့် ပလပ်ဧရိယာ (၀.၂၆)ဧကဟု ခေါ်တွင်သော မြေကွက်သည် မှော်ဘီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနတွင် ဦးကျော်မင်းခိုင် [၉/မနမ(နိုင်)၀၀၆၈၇၂] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ယခုရောင်းသူ ဦးကျော်မင်းခိုင် [၉/မနမ(နိုင်)၀၀၆၈၇၂]ထံမှ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၆/၂၀၂၂) (၉- ၁၁-၂၀၂၂)ရရှိသူ ဒေါ်ခင်ခင်စု [၉/မနမ(နိုင်)၀၉၃၀၇၈]က လယ်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ အပါအဝင် သီးပင်စားပင် အရိပ်ရပင် လက်ရောက်ရရှိပြီး အရှုပ်အထွေးကင်းရှင်းကြောင်း၊ တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိထားစီမံခန့်ခွဲလျက် အပြီးအပြတ် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုပြီး ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)ဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဇော်မြတ် ( LL.B. )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်။**
**၀၉-၄၃၀၈၂၁၉၂၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၈၇၅၅၅၇၇၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ်-၁၄၊ စီမံကိန်း(၁) မြေကွက်အမှတ်-၂၈၂၊ မြေကွက်တည်နေရာအမှတ်-၂၈၂၊ ဂန္ဓမာလမ်း၊ ၁၄/စီမံကိန်း(၁)၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်အေးအုပ်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား [၁၂/ဥကတ(နိုင်)၁၀၃၉၄၈] အမည်ပေါက် ဒေါ်အေးအုပ်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်-၇၁၄၁/၂၀၁၄ ဖြင့် ဒေါ်နန်းနန်းအောင်၊ ဒေါ်မြင့်မြင့်ခိုင်တို့မှ ပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ GP ရရှိသူ ဦးစိန်မောင် [၁၂/ဥကတ(နိုင်)၁၀၃၉၃၅]တို့မှ မြေစာရင်းမှတ်ချက်(၁)ရှိ၂၀၁၄ ခုနှစ် အရောင်းမြေပုံမှာ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်းနှင့် မည်သည့်အရောင်းအဝယ်စာချုပ်ကိုမျှ ပြုလုပ်ချုပ်ဆိုခဲ့ခြင်း လုံးဝမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၈၁၃/၂၀၂၃ (၂၇-၆-၂၀၂၃) ဂရန်၊ နိုင်၊ ကတ် ဝန်ဆောင်ခတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/အေ)၊ မြေကွက်အမှတ် (ရ၁)၊ မြေအကျယ်အဝန်း (အလျား×အနံ) (၄၀ပေ×၆၀ပေ)ရှိ ဦးသာနိုးအောင်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ (မြေရင်းဘက်အခြမ်း) မြေကွက်အမှတ် (၆၉)နှင့်ကပ်လျက်ဘက်အခြမ်းဖြစ်သော မြေအကျယ်အဝန်း (အလျား×အနံ) (၂၀ပေ×၆၀ပေ)ရှိယခုအခေါ် အမှတ်(ရ၁/မြေရင်း)၊ သစ္စာလမ်း၊ (၃၉/အေ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့်မြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးလှမွန်မင်းဝေ (၁၂/မဂဒ (နိုင်) ၁၂၈၉၉၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက (၁၈-၁၀-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စရံပေး ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| LL.B,W.I.P.O (Switzerland) | LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland) |
| အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇) | အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃) |

အမှတ်၁၁၀၆/ခ၊အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉ ၂၆၄၅၀၉၉၄၅၊ ၀၉ ၄၄၂၇၅၃၆၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability)သည် အရေးအကြီးဆုံးဖြစ်...**

❖ **တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၃ ရာသီ MNl အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ပထမနေ့ကို အောက်တိုဘာ ၂၀ ရက်က ပြန်လည်ကျင်းပရာ ရောဝတီအသင်း နိုင်ပွဲရရှိပြီး ရတနာပုံနှင့် မဟာယူနိုက်တက် သရေကျခဲ့သည်။

**ဂိုးမရှိသရေကျ**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ အမှတ်ပေးဇယား အဆင့် ၄ နေရာတွင် ရပ်တည်နေသည့် မဟာယူနိုက်တက်အသင်းသည် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသဖြင့် တတိယနေရာမှ ဟံသာဝတီကို ဖိအားပေးနိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ မဟာယူနိုက်တက်နှင့်တွေ့ဆုံတိုင်း ရှုန်းကန်ရလေ့ရှိသည့် ရတနာပုံအသင်းသည် ယခုပွဲတွင်လည်း သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍


ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## မိုင်းဟိန်း(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈,၈၄၁) ဧကရှိသော နယ်မြေကို **"မိုင်းဟိန်း(တိုးချဲ့) ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂၄/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၆)ရက်(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)မှစ၍ သတ်မှတ်ကြေငြာလိုက်သည်။ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

**အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကို အယ်လ်ဂျီးရီးယားနိုင်ငံသားများ ကန့်ကွက်ဆန္ဒပြ**



စာမျက်နှာ » ၁၃

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တပ်မတော်စခန်းများအား KIA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်**

စာမျက်နှာ » ၁၅

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ